# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ရက်၊ ၂၀၁၀ခုနှစ်၊ ဇွန် ၃၀ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✱ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✱ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ
# ရန်ကုန်တိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
# တက်ရောက်စိုက်ပျိုးပေး

**ရန်ကုန် ဇွန် ၂၉**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ နည်းပညာတက္ကသိုလ်(မှော်ဘီ) ကျောင်းဝင်းအတွင်း၌ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး သစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ မှော်ဘီတပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ/စစ်သည်နှင့် မိသားစုများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ ကိုယ်စားပြုတက်ရောက်လာသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၃* ✱

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)





# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အရင်းအမြစ်များပေါ်ထွက်လာရေး အရေးကြီး
# ထူးချွန်ထက်မြက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းရေး ပြုစုပျိုးထောင် ဆရာ ဆရာမများ သင်ကြားမှုအရည်အသွေး ပြည့်ဝနေစေရေး ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၉**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●





## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၃၀ ရက်)

# စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ယနေ့ကာလသည် ခေတ်မီတိုးတက်လာသည့်အလျောက် ယာဉ်သုံးစွဲမှုများ တိုးတက်များပြားလာခဲ့ရာ ယာဉ်အန္တရာယ်ကင်းဝေးရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများလိုက်နာရန် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ၍လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောပို့ချ၍လည်းကောင်း အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်ပြီး စည်းကမ်းလိုက်နာကျင့်ကြံခြင်းဖြင့် ဘေးအန္တရာယ်ကို တားဆီးကာကွယ်နိုင်သည်။ ယာဉ်တိုက်မှုများကို လေ့လာကြည့်လျှင် ယာဉ်မောင်းများ ယာဉ်ကို မဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊ ခရီးသွားများ၊ လမ်းကူးသူများ ပေါ့ဆခြင်း၊ စက်ကိရိယာချွတ်ယွင်းခြင်းစသည်တို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း တွေ့ရသည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ရှစ်လမ်းသွား၊ ခြောက်လမ်းသွား လမ်းမကြီးများ၊ လမ်းသွယ်များ ဒေသအနှံ့ဖောက်လုပ်ထားလျက်ရှိရာ ယာဉ်မောင်းသူများသည် သတ်မှတ်ထားသည့် မိုင်နှုန်း၊ သတ်မှတ်ထားသည့် ယာဉ်ကြော၊ သတ်မှတ်ထားသည့် သင်္ကေတများကို ဂရုတစိုက်လိုက်နာ မောင်းနှင်သွားကြပါက ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောမှားယွင်းစွာ မောင်းနှင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ ရပ်တန့်ထားခြင်းများကို ယာဉ်မောင်းသူများအားလုံးသည် ရှောင်ကြဉ်ကြရမည်ဖြစ်သကဲ့သို့ မိမိ၏ယာဉ်လိုအပ်ချက်များကိုလည်း ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ယခုမိုးရာသီကာလသည် ယာဉ်အန္တရာယ်အများဆုံးဖြစ်ပွားတတ်သော အချိန်ကာလဖြစ်သည်။ အထူးသဖြင့် ကျောင်းသား လူငယ်ကလေးများ အန္တရာယ်ကင်းဝေးရန် ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောပို့ချပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ "စည်းကမ်း"ရှိမှုသည် အရေးကြီးပေသည်။ စည်းကမ်းကို တစ်ဦးချင်း၊ တစ်ယောက်ချင်း လိုက်နာဆောင်ရွက်သွားကြပါက အန္တရာယ်ကင်းဝေးမည်ဖြစ်သည်။ စည်းကမ်းကို တိကျစွာ လိုက်နာကျင့်ကြံခြင်းသည် နိုင်ငံကြီးသားတစ်ယောက်ပီသပြီး တန်ဖိုးရှိသောသူဖြစ်သည်။ ထို့ကြောင့် စည်းကမ်းကို လူတိုင်းက ဂရုတစိုက်လိုက်နာဆောင်ရွက်ကြပါက ယာဉ်အန္တရာယ်များ လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



# ဝန်ကြီးဦးဌေးဦးအား ဘီလာရုစ် နိုင်ငံခြားရေးဒုတိယဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

## နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးအား ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Sergei Aleinik ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၅ရက် နံနက် ၈နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ၎င်းတို့ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများ၊ ပိုတက်ရှ်မြေသြဇာများနှင့် စပ်လျဉ်းသည်များကို Power Point ဖြင့် ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်း** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၂)
၈:၃၀ Industrial Talks [ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၉:၀၀ မျက်စိရောဂါများအတွက် Myanmar Eye Centre
၉:၁၅ Activities in the City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၉:၃၀ အားကစားမြင်ကွင်းစုံ
၁၀:၂၅ Activities in the City (SONY EXPO-2010 ၏ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာပြပွဲ)
၁၀:၄၀ ဂမုန်းရေလှောင်တမံ
၁၀:၅၀ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လေဆိပ်အကောက်ခွန်လုပ်ငန်း ဆောင်ရွက်မှု သိကောင်းစရာများ
၁၁:၁၅ မော်တင်စွန်းဆီသို့
၁၁:၄၀ စွမ်းအင်တို့ရဲ့ နှီးစက် (ကခုန်ခြင်းနှင့် အားကစား)
၁၂:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အေသင်ချိုဆွေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၂:၃၀ မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ် တို့တည်ရှိရာ
၁၂:၅၀ ခြင်အန္တရာယ်
၁:၀၀ **ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်း** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း အစွဲအလမ်းကြီးတာ ကောင်းတယ်၊ အစွဲအလမ်းမကြီးတာ ကောင်းတယ်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၂)
၄:၀၅ Activities in the City (SONY EXPO-2010 ၏ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာပြပွဲ)
၄:၂၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (XYLO Fancyware)
၄:၃၅ Industrial Talk
၅:၁၀ မျက်စိရောဂါများအတွက် Myanmar Eye Centre
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အေသင်ချိုဆွေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၄၅ ဗီဒီယိုပြခန်း
၇:၀၀ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လေဆိပ်အကောက်ခွန်လုပ်ငန်း ဆောင်ရွက်မှုသိကောင်းစရာများ
၇:၂၀ ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ကေဂျာနူး)
၇:၄၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (XYLO Fancyware)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အစွဲအလမ်းကြီးတာကောင်းတယ်၊ အစွဲအလမ်းမကြီးတာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၂)
၁၀:၀၀ Activities in the City (တွဲလက်ညီညာ စုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၁၀:၁၅ Sports World
၁၀:၄၀ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ ၎က်ပျောကြော် (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၁၀:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၁၅ ဗီဒီယိုပြခန်း
၁၁:၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သုံးခွ၌ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ရက် နံနက် ၇နာရီက သုံးခွမြို့နယ်နှင့် လက်ပံကျိုးကျေးရွာ (သုံးခွ-ခရမ်း) ကားလမ်းမကြီး ဝဲယာတို့၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

အခမ်းအနားသို့ သုံးခွမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ သုံးခွမြို့နယ်သစ်တောဦးစီးဌာန၊ သုံးခွနယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးစိုးမြင့်သန်းနှင့် နယ်မြေခံဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ အော်ရီရှား၊ စစ် စသည့် ပျိုးပင်ပေါင်း ၁၅၀၀ကို စုပေါင်း စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

**(၁၂၄)**



# လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၂၉**

CONCORDIA Int'l Co., Ltd. က လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၉/၂၀၁၀)ကို ဇူလိုင် ၅ရက်မှ ၁၄ရက်အထိ လည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချ နည်းသင်တန်းကို ဇူလိုင် ၁၅ရက်မှ ၁၇ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် မြေတိုင်းသင်တန်းနှင့် ပတ်သက်သော Total Station၊ လက်တွေ့အသုံးချ တိုင်းတာနည်း (Construction Survey Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့ တိုင်းတာခြင်း)၊ Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software၊ မိမိတိုင်းတာထားသော Data များအား Map Source Software နှင့် Google Earth Software တို့၌ Download နှင့် Processing များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို ဇွန် ၂၉ရက်မှ စတင်၍ သင်တန်းသားများ လက်ခံပြီး အခြေခံပညာ အထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

**စုံစမ်းမေးမြန်းနိုင်**

အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် Concordia Int'l Co.,Ltd. သုံးလွှာနှင့် ငါးလွှာ ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၄၉၄၄၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆ နှင့် ၀၉-၅၀၀၅၉၁၂၊ ဖက်စ်-၅၄၄၁၉၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးအား

## ဩစတြေးလျနေသဟာယနိုင်ငံ လက်ထောက်ဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးအား ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးလက်ထောက်ဝန်ကြီး Mr. Hugh Borrowman နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး Ms. Michelle Su-Wen Chan တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**မြန်မာအမျိုးသမီးများနေ့**

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

**MYANMAR WOMEN'S DAY**

**3rd July 2010**

## မြဝတီရုပ်မြင်သံကြား

**၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်ကဏ္ဍ
၄:၅၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ Mail Box
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ ပျော်စံရာ** (အပိုင်း-၂၅)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **စင်ပေါ်ကတက်ခက်ခဲ** မိုးခန့်၊ ဇရော၊ သာခု၊ ဗေဒါ၊ စိုပြေ၊ မိုးပွင့်၊ မိုးဖြူ၊ ရီရီပွင့်ဖြူ၊ ထက်ထက် (ဒါရိုက်တာ-မောင်ပြည့်ဝ၊ ပန်းဝေသီ)
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၃၁)

● ရှေ့ဖုံးမှ

**တက်ရောက်**

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူဆရာ ဆရာမများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်နေသည့် အချိန်ကာလတွင် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာ စွမ်းအားများ ပြည့်ဝခိုင်မာစေရေး၊ နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်သော ပညာရှင်များ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ဒေသစုံတွင် မွေးထုတ်ပေးနိုင်ရေး လိုအပ်လျက်ရှိကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံတကာအဆင့်မီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၀-၂၀၁၁ ပညာသင်နှစ်သည် ဒုတိယနှစ်တို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ကာလသို့ ရောက်ရှိ အကောင်အထည်ဖော်နေချိန်လည်း ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေးသည် အခြေခံပညာကဏ္ဍ၏ ဦးစားပေး လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်ဖော်ဆောင်**

ထို့ကြောင့် အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ယခုပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းအပ်နှံရေး သီတင်းပတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သလို တစ်ဆက်တည်းမှာပင် အခြေခံပညာကျောင်းအသီးသီးတွင် ဝင်ရောက်လာသော ကျောင်းသား ကျောင်းသူများကို ပညာသင်နှစ်အလိုက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေး၊ အတန်းကူးပြောင်းသင်ယူနှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးစသည့် လုပ်ငန်းများကိုလည်း အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်း ဖော်ဆောင်ကြရမည် ဖြစ်ကြောင်း။

**ဖြန့်ကြက်ထူထောင်**

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့်နည်းတူ ခေတ်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက် ထူထောင်ပေးထားပြီး ဖြစ်ကြောင်း။

**ဖွဲ့စည်းထူထောင်**

သင်ယူမှု သင်ကြားမှုနယ်ပယ်တွင် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကို ကျော်လွှားနိုင်သည့် အီလက်ထရွန်နစ် နည်းပညာရပ်များကို အသုံးချခြင်းဖြင့် မြို့ပြနှင့်ကျေးလက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသရှိ စာသင်ကျောင်းများမှာပါ Multi-Media Classroom များ ဖွဲ့စည်းထူထောင်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ အနာဂတ်နိုင်ငံတော်ကို ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေးဖော်ဆောင်ရာတွင် အခြေခံအကျဆုံးကဏ္ဍမှ ပန္နက်ချပုံဖော်နေကြသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်ရော၊ ကျောင်းသားကျောင်းသူတပည့်များကိုပါ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် အားထုတ်ကြိုးပမ်းသွားမှသာ မြန်မာ့ပညာရေးမျှော်မှန်းချက် ပေါက်မြောက်အောင်မြင်မည်ဖြစ်ကြောင်း။

**အရည်အသွေးပြည့်ဝ**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် ဘာသာရပ်ဆိုင်ရာများကို ကျွမ်းကျင်တတ်မြောက်အောင် အစဉ်ဆည်းပူးလေ့လာနေကြရန် လိုသကဲ့သို့ မိမိတို့၏ ကျောင်းသား ကျောင်းသူများကိုလည်း အရေအတွက်မှ အရည်အချင်းကူးပြောင်းပြီး ထူးချွန်ထက်မြက်၍ အရည်အချင်း၊ အရည်အသွေး ပြည့်ဝသူများ ဖြစ်လာစေရန် သင်ကြားပေးသွားရန် လိုကြောင်း၊ ပညာတတ်လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း”** ဖြင့်လမ်းညွှန်မိန့်ကြားထားပြီး ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်များကို အခြေခံမှ စတင်ပုံသွင်း ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အလုပ်အကျွေးပြုသွားကြမည့် ထူးချွန်ထက်မြက်ပြီး အရည်အချင်း၊ အရည်အသွေးပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သကဲ့သို့ ဆရာဆရာမများအနေဖြင့် အခြေခံပညာအဆင့်အလိုက် မိမိတို့၏ သင်ကြားမှု အရည်အသွေးများ ပြည့်ဝနေစေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် အထူးပင် အရေးကြီးကြောင်း။

**ဆောင်ရွက်ပေး**

ထို့ကြောင့် အခြေခံပညာအဆင့်အလိုက် သင်ကြားမှုအရည်အသွေး မြင့်တင်ရေးအတွက် ဆရာ ဆရာမများအား သင်ကြားရေး မွမ်းမံသင်တန်းများ၊ ဉာဏ်သစ်လောင်း သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်သာမက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများ၊ ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာသင်တန်းများ၊ ပညာရေးဘွဲ့ သင်တန်းများနှင့် မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး) သင်တန်းများကို ဆက်လက် တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**အလေးပေး**

ကျောင်းသား ကျောင်းသူ လူငယ်များကို ပြုစုပျိုးထောင်ရာတွင်လည်း အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အတန်းအားလုံးတွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများ ပြည့်ဝလာစေရေးအတွက် ကလေးဗဟိုပြု သင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားနိုင်ရေး၊ စစ်ဆေးတိုင်းတာမှုအပိုင်းမှာ ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကို ဦးတည်စစ်ဆေးပေးနိုင်ရေး အလေးပေး ဖော်ဆောင်ကြရမည် ဖြစ်ကြောင်း။

**ရှုပ်သိမ်း**

ဆရာ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပီပီ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့်စည်းကမ်းကို အမျိုးသားရေးအသိနှင့် ယှဉ်တွဲပြီး လိုက်နာဖော်ဆောင်သွားကြရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့်ဆင့် ညင်သာချောမွေ့စွာ တက်လှမ်းနိုင်စေရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍက ပူးပေါင်းပါဝင် ကြိုးပမ်းရမည့် အမျိုးသားရေးတာဝန်များကို ပိုမိုသိမြင်လာစေရေး ဆည်းပူးလေ့လာသွားကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လူတစ်ဦး ကျွန်းတစ်ပင် စိုက်ပျိုးပွဲ

## ကြံခင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်း၌ စိုက်ပျိုး

**နေပြည်တော် ဇွန် ၂၉**

ဇွန် ၂၀ရက်က ကြံခင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၁၂၃/၂အနီး ပေါက်နွယ်စမ်းကျေးရွာ၌ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်း၊ သစ်တောဦးစီးအရာရှိ ဦးအေးဝင်းနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ကျေးလက်ပြည်သူအင်အား စုစုပေါင်း ၅၅၀တက်ရောက်စိုက်ပျိုးခဲ့ကြကြောင်း **(အပေါ်ပုံ)**၊ ကြံခင်းမြို့နယ်အတွင်း ၂၀၁၀ခုနှစ် မိုးရာသီအတွင်း ဇွန် ၂၀ရက်အထိ ကျွန်းပင် ၅၅၀၀၀၊ သစ်မာယူကလစ်အပင် ၁၈၆၀၀၀ စုစုပေါင်း ၂၄၁၀၀၀ကိုစိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ဆက်လက်ပြီး ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# UMFCCI သင်တန်းများ ဖွင့်မည်

**ရန်ကုန် ဇွန် ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ UMFCCI Training Institute သည် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးပြုရန် အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Certificate Course for Accounting Equivalent with LCCI (Level I+II) သင်တန်း၊ Learning English in the Most Effective Way သင်တန်းများကို ဇူလိုင် ၁၇ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သင်တန်းဝင်ခွင့် လျှောက်လွှာများကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Training Institute ၌ ရယူပြီး ဇူလိုင် ၁၃ရက် (အင်္ဂါနေ့) အထိ တင်သွင်းနိုင်ကြောင်းနှင့် ဖုန်း-၂၁၄၃၄၄ ၊ ၂၁၇၄၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထောင်စုနှစ်ရည်မှန်းချက်အောင်မြင်ရေး ကုလအကြီးအကဲနှင့် စပိန်ဝန်ကြီးချုပ်ဆွေးနွေး

ဂျီနီဗာ ဇွန် ၂၉

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် တိုရွန်တိုမြို့၌ စပိန်ဝန်ကြီးချုပ် ဇာပါတယ်ရိုနှင့်တွေ့ဆုံပြီး ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် (အမ်ဒီဂျီအက်စ်) နှင့်စက်တင်ဘာလတွင်ကျင်းပမည့် အမ်ဒီဂျီထိပ်သီးညီလာခံကိစ္စတို့ကို ဇွန် ၂၇ရက်က ဆွေးနွေးကြသည်။

**တိုက်တွန်း**

ဘန်ကီမွန်းနှင့်စပိန်ဝန်ကြီးချုပ်တို့သည် တိုရွန်တိုမြို့၌ကျင်းပသည့် ဂျီ-၂၀အုပ်စု ထိပ်သီးညီလာခံ၏ ပြင်ပ၌ ယင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ အမ်ဒီဂျီအက်စ် အောင်မြင်ရေး၊ ကျန်းမာရေးနှင့် ပညာရေး တိုးတက်ကောင်းမွန်ရေး၊ အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးရေးကိစ္စများတွင် အရှိန်မြှင့်ကြိုးပမ်းကြရန်လည်း ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**



ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဟီတာချီ အီလက်ထရွန်နစ်ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသည့် အီမြူး-၂ လူသားစက်ရုပ်ကို ဇွန် ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကနေဒါနှင့် အိန္ဒိယ သဘောတူညီ

တိုရွန်တို ဇွန် ၂၉

**ကနေဒါအစိုးရနှင့် အိန္ဒိယအစိုးရတို့သည် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် သဘောတူညီကြသည်ဟု ဆင်ဟွာသတင်းတွင် ဇွန်၂၈ရက်က ဖော်ပြသည်။**

လာမည့်ငါးနှစ်အတွင်း နှစ်နိုင်ငံ နှစ်စဉ်ကုန်သွယ်ရေးပမာဏကို အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံအထိ တိုးမြှင့်ကာ ကုန်သွယ်ရေးကဏ္ဍ ပိုမိုတိုးချဲ့ဆောင်ရွက်သွားကြရန် ကနေဒါနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါတို့ ဇွန် ၂၇ရက်ကတွေ့ဆုံစဉ် သဘောတူညီခဲ့ကြသည်။



အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း

နှစ်နိုင်ငံအစိုးရများအနေဖြင့် စီးပွားရေး၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားမည်ဟုဆိုသည်။ ထို့ပြင် နိုင်ငံရေးထိတွေ့အဖြေရှာမှုကို အားဖြည့်ကူညီပေးရန်နှင့် အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေးအပါအဝင် ပုံမှန်ဆွေးနွေးပွဲများပြုလုပ်ရန်လည်း သဘောတူညီလိုက်ကြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# အင်ဒိုနီးရှားရေတပ်အတွက် အမေရိကန်ရေဒါထောက်ပံ့မည်

ဂျကာတာ ဇွန် ၂၉

မလက္ကာရေလက်ကြား၌ ပြန်ပေးဆွဲမှုများတားဆီးကာကွယ်ရေး ကင်းလှည့်တာဝန်ယူနေသည့် အင်ဒိုနီးရှားရေတပ်အား အမေရိကန်အစိုးရက ရေဒါစနစ်ကူညီထောက်ပံ့မည်ဖြစ်ကြောင်း အင်ဒိုနီးရှားရေတပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇွန် ၂၈ ရက်၌ ပြောကြားသည်။

**တာဝန်ယူ**

အင်ဒိုနီးရှားရေတပ်သည် ဘာတန်ကျွန်း၌ တပ်စွဲကာ ကမ္ဘာ့ကုန်သင်္ဘော ၆၀ ရာခိုင်နှုန်းခန့် ဖြတ်သန်းနေသည့် မလက္ကာရေလက်ကြား၌ လုံခြုံရေးတာဝန်ယူလျက်ရှိသည်။

**ပြန်ပေးဆွဲခံရ**

ပင်လယ်ရေကြောင်းလမ်းညွှန်မှုစနစ်ပါဝင်သည့် အဆိုပါရေဒါကို အမေရိကန်အစိုးရကိုယ်စားလှယ်က အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနသို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မလေးရှားနှင့် စင်ကာပူတို့မှ အင်ဒိုနီးရှားနိုင်ငံသို့ ခုတ်မောင်းလာသည့် ကုန်သင်္ဘောများသည် မလက္ကာရေလက်ကြား၌ မကြာခဏ ပြန်ပေးဆွဲခံရလေ့ရှိသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# အာဖဂန်စစ်ပွဲ မျှော်မှန်းသည်ထက် ခက်ခဲမည်ဟုဆို

နယူးယောက် ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်ပတပ်ဖွဲ့ဝင်များအား ဆန့်ကျင်တိုက်ခိုက်နေသည့် တာလီဘန်ပြောက်ကျားများ၏ အကြမ်းဖက်မှုများ မြင့်တက်လာချိန်ဝယ် အာဖဂန်စစ်ပွဲ အခြေအနေခက်ခဲလာပြီး တိုးတက်မှုနှေးကွေးလာနေပြီဖြစ်ကြောင်း စီအိုင်အေ ညွှန်ကြားရေးမှူး လီယွန်ပင်နက်တာက ဇွန်၂၈ရက်၌ ဝန်ခံပြောကြားလိုက်သည်။

**စိုးရိမ်**

အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့်နေတိုးတပ်ဖွဲ့အားလုံး၏ ထိပ်တန်းတပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီးစတန်လေမက်ခရစ္စတယ် ရာထူးမှနုတ်ထွက်ပြီးနောက် ရက်သတ္တပတ် မတိုင်မီအတွင်း စီအိုင်အေအကြီးအကဲက ကိုးနှစ်ကြာ တာလီဘန်ချေမှုန်းရေးအပေါ် စိုးရိမ်မကင်းဖြစ်လျက်ရှိသည်ဟု ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

# သမ္မတအိုဘားမား၏ မဟာဗျူဟာ အထက်လွှတ်တော် အမတ်များဝေဖန်

ဝါရှင်တန် ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၁ခုနှစ် ဇူလိုင်လတွင် ရုပ်သိမ်းမည့်သတ်မှတ်ချက်သည် နိုင်ငံရေးအရဆုံးဖြတ်ချက်ဖြစ်ပြီး စစ်ရေးဆိုင်ရာ မဟာဗျူဟာအပေါ်အခြေစိုက်သည့် ဆုံးဖြတ်ချက်မဟုတ်ဟုဆိုကာ ပယ်ချလိုက်ခြင်းဖြင့် အမေရိကန်အထက်လွှတ်တော် ရီပတ်ဘလီကင်အမတ်များက သမ္မတအိုဘားမား၏ အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာကို ဇွန်၂၈ရက်က အပြင်းအထန် ဝေဖန်လိုက်သည်။

**ကြေညာ**

သမ္မတအိုဘားမား၏ ဆုံးဖြတ်ချက်သည် လက်တွေ့အချက်အလက်များ အပေါ်နှင့် စစ်ရေးဆိုင်ရာမဟာဗျူဟာများအပေါ် အခြေစိုက်ခြင်းမရှိကြောင်း စသည်ဖြင့် ဒီဇင်ဘာလအတွင်းက ကြေညာခဲ့သည့် သမ္မတအိုဘားမား၏ မဟာဗျူဟာကို ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ဝေဖန်ပြောကြားလိုက်သည်။

**ဝေဖန်**

သမ္မတက အာဖဂန်မှ မိမိတို့တပ်ဖွဲ့ဝင်များ ထွက်ခွာမည်ဟုကြေညာကတည်းက ရန်သူတာလီဘန်များမှ စောင့်ကြည့်နေမည်ဖြစ်ကြောင်း၊ စစ်ပွဲများဖြစ်ပါက အနိုင်ရရှိပြီးမှသာ ထွက်ခွာရမည်ဟု ကြေညာရမည်ဖြစ်ကြောင်း အထက်လွှတ်တော်အမတ်လင်ဆေးဂရေဟမ်ကလည်း မက်ကိန်းနည်းတူ သမ္မတအိုဘားမား၏ အာဖဂန်ဆိုင်ရာအချိန်ဇယားကို ဝေဖန်ခဲ့သည်။ **(အင်တာနက်)**



တရုတ်နိုင်ငံ တီယန်ကျင်းမြို့ရှိ ပြည်သူ့ကစားကွင်းပြန်လည်ဖွင့်လှစ်ပြီးနောက် လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားနေသည်ကို ဇွန် ၂၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

# ကျူးဘားနှင့်ဗင်နီဇွဲလားနှစ်နိုင်ငံ သံမဏိစက်ရုံ ပူးပေါင်းတည်ဆောက်

ဟာဗားနား ဇွန် ၂၉

ကျူးဘားနိုင်ငံအနောက်ပိုင်း ဟိုဂျင်းပြည်နယ် မိုအာဒေသ၌ သံမဏိနီကယ်စက်ရုံကို ကျူးဘားအစိုးရနှင့် ဗင်နီဇွဲလားအစိုးရတို့ ပူးပေါင်းတည်ဆောက်လျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဇွန် ၂၉ရက်က ဖော်ပြသည်။

**မျှော်မှန်း**

အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကုန်ကျမည်ဖြစ်ပြီး သုံးနှစ်အတွင်း အပြီးဆောက်လုပ်ကာ သံမဏိအစိတ်အပိုင်းတစ်ခုဖြစ်သည့် သံမဏိနီကယ်တန်ချိန် ၆၈၀၀၀ကို နှစ်စဉ်ထုတ်လုပ်ပေးနိုင်ရန် မျှော်မှန်းထားသည်ဟုဆိုသည်။

**တည်ဆောက်**

စက်ရုံတည်ဆောက်မှုကို ကျူးဘား-ဗင်နီဇွဲလားပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ကွာလက်တီကျူးဘား အက်စ်အေက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ယင်းစက်ရုံမှ ကျူးဘားနီကယ်စက်မှုလုပ်ငန်း၏ ထုတ်လုပ်မှုပမာဏ နှစ်ဆနီးပါး တိုးမြှင့်ထုတ်လုပ်နိုင်မည်ဟု ယူဆရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များ၏ အပတ်စဉ်အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# မိုးသည်းထန်ရေကြီး

**ဘရာဇီးနိုင်ငံ ပါနမ်ဘူကိုပြည်နယ်အတွင်း မိုးသည်းထန်သဖြင့် ရေကြီးနေသည်ကို ဇွန် ၂၉ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)



# ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုချောမွေ့ရေး တံခါးဖွင့်စီးပွားရေးစနစ် ကျင့်သုံးရန်သဘောတူ

တိုရွန်တို ဇွန် ၂၉

**ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအတွက် တံခါးဖွင့်စီးပွားရေးစနစ်ကို ကျင့်သုံးရန် အုပ်စု ၂၀နိုင်ငံများ(ဂျီ-၂၀)၏ ခေါင်းဆောင်များက သဘောတူညီကြကြောင်း ဆင်ဟွာသတင်းတွင် ဇွန် ၂၈ရက်က ဖော်ပြသည်။**

ဂျီ-၂၀ ခေါင်းဆောင်များအနေဖြင့် ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် နှစ်ပေါင်း ၇၀ ကျော်အတွင်း ကုန်သွယ်ရေးအခြေအနေ ကျဆင်းမှုအနေအထားမှ အမြန်ပြန်လည် ဦးမော့လာစေရန် ရည်ရွယ်၍ ယင်းကဲ့သို့ သဘောတူညီလိုက်ကြခြင်း ဖြစ်သည်ဟု ဆိုသည်။

**ကတိပြု**

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကို ထိခိုက်စေမည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းမှ ရှောင်ကြဉ်ရန်လည်း ကတိပြုခဲ့ကြသည်ဟု သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ဘဏ်နှင့် အခြားဖွံ့ဖြိုးရေးဘဏ်များအနေဖြင့် စွမ်းရည်မြှင့်တင်ပြီး ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်စေနိုင်မည့် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများကို ပံ့ပိုး ကူညီပေးရန်လည်း ဂျီ-၂၀ ခေါင်းဆောင်များက တိုက်တွန်းလိုက်သည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# အီရန်ကအကူအညီပေးသင်္ဘောများ ဂါဇာကမ်းမြောင်သို့ ပို့ပေးရေးစီစဉ်နေ

***တီဟီရန် ဇွန် ၂၉***

*ဂါဇာကမ်းမြောင်သို့စေလွှတ်မည့် အီရန်အကူအညီပေးသင်္ဘောများအား ပိတ်ဆို့ရန် အစ္စရေး၏ခြိမ်းခြောက်မှုများကို အီရန်အစိုးရကပယ်ချလိုက်ပြီး အဆိုပါအစီအစဉ်သည် ယခုတိုင်ဆောင်ရွက်ရမည့် အစီအစဉ်အဖြစ်ရှိနေဆဲဖြစ်ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဇွန် ၂၇ရက်တွင် ပြောကြားသည်။*

*အီရန်က လူသားချင်းစာနာထောက်ထားရေးအကူအညီနှင့် ဆေးဝါးအထောက်အပံ့များကို ဂါဇာကမ်းမြောင်သို့ လေယာဉ်ဖြင့် အီဂျစ်နယ်စပ်မှ ပို့ပေးရန်လည်း အစီအစဉ်ရှိကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရှေဘာနီက ပြောကြားသည်။*

*မိမိတို့က ယင်းပြဿနာကို အီဂျစ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဆွေးနွေးပြီး ၎င်းတို့ထံမှ တုံ့ပြန်မှုကို စောင့်ဆိုင်းနေသည်ဟု ဆက်လက်ပြောကြားသည်။ ၎င်းက အစ္စရေးအား အမေရိကန် ထောက်ခံမှုနှင့်တကွ နိုင်ငံတကာအဖွဲ့အစည်းများက ယင်းလုပ်ရပ်နှင့် ပတ်သက်၍ အစ္စရေးအပေါ် တင်းကျပ်သည့်အရေးယူမှုများ မပြုလုပ်မှုအပေါ်၌လည်း ဝေဖန်ပြောကြားသည်။* ***(အင်တာနက်)***

# နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ်

# ကတ္တရာလမ်းအဆင့် ဖောက်လုပ်မည့် လုပ်ငန်းများ ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းသစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ်တွင် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)





နေပြည်တော် ဇွန် ၂၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇွန်၂၆ရက် နံနက်ပိုင်းက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်း မိုင်တိုင်အမှတ် (၁၂/၀)မှ (၁၇/၄)အထိ (၅/၄)မိုင်ကို လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)က စက်ယန္တရားများဖြင့် လေးလမ်းသွားကားလမ်းတိုးချဲ့ခြင်းနှင့် ဒုအခြေခံလွှာ ကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျွဲရှင်းတံတား ယာဉ်လေးလမ်းသွားအသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဝင်းလှက လေးလမ်းသွားတံတားသစ်တည်ဆောက်နေမှုကို လည်းကောင်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းတိုးအောင်က နေပြည်တော်မိုင်တိုင်အမှတ် (၁၂/၀)မှ (၁၇/၄) အထိ (၅/၄)မိုင်အား လေးလမ်းသွား ကားလမ်း တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလထက် စောစွာပြီးစေရေး နေ့၊ ည ဆောင်ရွက်ကြရန် မှာကြားသည်။**

ထို့နောက် ကျွဲရှင်းတံတား လေးလမ်းသွားအသစ်တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် မိုင်တိုင်အမှတ် (၀/၀) မှစ၍ ကားလမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းများဆောင်ရွက်**

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ် (၂၀/၁)နှင့် (၂၀/၂)အကြားတွင် စက်ယန္တရားများဖြင့် တောင်ဖြိုခြင်း၊ မြေများ ဖြတ်ထုတ်ခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၁/၀)ရှိ ရွှေဘုံသာလမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

**အပိုင်းလိုက်**

ရှင်းလင်းဆောင်၌ မကွေးတိုင်းအင်ဂျင်နီယာမှူးကြီးက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-(မကွေး) ကားလမ်းသစ်၁၀၇/၂မိုင်အား လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ ခရိုင်အဖွဲ့လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၁ဖွဲ့ စုစုပေါင်း ၁၇ဖွဲ့တို့ဖြင့် လုပ်ငန်းများ အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်နေမှုနှင့် စက်ယာဉ်ယန္တရားများအခြေအနေတို့ကိုရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးဝင်းဖေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**စေတနာထား**

ဝန်ကြီးက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ်ကို လမ်းသား အကျယ်၃၄ပေ၊ ကတ္တရာလမ်း အကျယ်၁၂ပေ၊ လမ်းပခုံးတစ်ဖက်လျှင် သုံးပေစီ ဆောင်ရွက်သွားရန်၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်၊ လမ်းကိုကျယ်ရန်၊ ဖြောင့်ရန်၊ အနိမ့်အမြင့်ပြေရန်နှင့် ကတ္တရာလမ်း အဆင့်ထိ ဆောင်ရွက်ရမည်ဖြစ်ရာ ယင်းအဖွဲ့၁၇ဖွဲ့အား တာဝန်ပေးအပ်ထားသည့်အတိုင်း မိမိတာဝန်ပေးအပ်ထားသည့်အတိုင်း မိမိလုပ်ငန်းများအပေါ် စေတနာထားပြီး နေ့၊ ည ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၉

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e-Learning Centre ၌ ဖွင့်လှစ်ပို့ချသည့် PC For Office Applications Course (WINDOWS) နှင့် E-mail and Internet Course သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီခွဲက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (အောက်ပုံ)



**စဉ်ဆက်မပြတ်ပို့ချ**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e-Learning Centre ၌ ၂၀၀၆ခုနှစ် ဧပြီလမှ စတင်၍ သတင်းဆက်သွယ်မှု နည်းပညာနှင့် သက်ဆိုင်သည့် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုအချိန်ထိ သင်တန်း၂၅ မျိုးကို သင်တန်းအကြိမ်ပေါင်း (၇၆)ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၃၅၃၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့ဖွင့်လှစ်သော သင်တန်းများသို့ ဝန်ကြီးဌာန အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၇၇ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယခုအပတ်ထုတ် ပြည်မြန်မာ ဖြန့်ချိ

***ရန်ကုန် ဇွန် ၂၉***

*ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။*

*ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်မြို့လယ်တွင် ၃၅ထပ်ရှိ အဆင့်မြင့်အဆောက်အအုံဆောက်လုပ်ရန် ဗီယက်နမ်က စိတ်ဝင်စားနေ၊ ဆရာစံပလာဇာကို နိုင်ငံတကာအဆင့်မီ အများပိုင် ရှော့ပင်းမောလ်အဖြစ် ပြောင်းလဲဖွင့်မည်၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်တိုင်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်၊ တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်သူများကို ကျပ်သိန်း ၅၂၀တန်ဖိုးရှိ ပညာသင်ဆုများပေးမည်၊ အသက် ၂၀ကျော် အရပ်ပုနေသူများ အရပ်ရှည်ချင်သလား၊ အမြွှာများတွေ့ဆုံပွဲ ဒုတိယအကြိမ်ကျင်းပမည်၊ Air Asia လေကြောင်းလိုင်းလက်မှတ်များကို Credit Card မပါဘဲ ဝယ်နိုင်ပြီ၊ ဒုတိယကမ္ဘာစစ်အတွင်း ရခိုင်ပြည်နယ်၌ နစ်မြုပ်ခဲ့သော သင်္ဘောကို ပြန်လည်ဖော်ယူနိုင်ပြီ၊ တော်ဝင်စင်တာ၌ IT Mall ဖွင့်မည်၊ အရပ် ၂၅လက်မသာမြင့်သည့် မြန်မာလူပုလေး ဖခင်၏ရင်ဖွင့်စကား၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် အဆင့်မြင့်မော်တော်ယာဉ်သစ်များ လူကြိုက်များနေ၊ ဟိုတယ်ဇုန်အားလုံးရှိ ဟိုတယ်များအတွက် ကားများလုံလောက်စွာ တင်သွင်းပေးသွားမည်၊ လျှပ်စစ်ဓာတ်အားမလိုသည့် နေရောင်ခြည်စွမ်းအင်သုံး အိမ်များဖြင့် နေကြမလား၊ ယာယီမင်္ဂလာဈေးတွင် ဆိုင်ခန်းပေါင်း ၂၀၀၀ကျော် စတင်ရောင်းချခွင့်ရပြီ၊ ရန်ကုန်ကားပြပွဲ၌ အိမ်စီးကားများ စံချိန်တင်အရောင်းအဝယ်ဖြစ်၊ မြောက်ကိုရီးယား ရုပ်ရှင်ပွဲတော်တွင် မြန်မာပထမဆုံး ပါဝင်ပြသမည်၊ အသက် ၉၁နှစ်ရှိသော်လည်း ကိုယ်တိုင်လုပ်ယာဉ်ဖြင့် ပျံသန်းပြနိုင်ဆဲ၊ အစိုးရအဖွဲ့ကိုဝေဖန်မိ၍ အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီးရာထူးမှဖယ်ချခံရ၊ ကမ္ဘာ့ပထမဆုံး ကိုယ်ပိုင်အာကာသစခန်းတည်ဆောက်၊ နှစ် ၁၁၀ကြာ စိုးမိုးထားသော အမေရိကန်ကိုကျော်လွှား၍ တရုတ်က ကုန်ထုတ်လုပ်မှုအမြင့်ဆုံးနိုင်ငံဖြစ်လာ၊ ဘောလုံးပွဲအပြီး ဘောလုံးသမားများအချင်းချင်း ဂျာစီလဲရခြင်းအကြောင်းရင်း၊ စင်ကာပူတွင် ၅၅ထပ်အမြင့်၌ ရေမရေကူးကန်ပါရှိသည့် အပန်းဖြေရိပ်သာကြီးဖွင့်လှစ်၊ ၁၁နာရီကြာမြင့်၍ သမိုင်း၌အကြာဆုံး တင်းနစ်ပွဲအဖြစ် စံချိန်တင်၊ တိုက်တန်းနစ်သင်္ဘော ပုံစံတူကို ပြတိုက်အဖြစ်တည်ဆောက်၊ ကမ္ဘာ့ဖလားတွင် အသုံးပြုသည့် ဘောလုံးပုံသဏ္ဍာန် ရောမဘောလုံးကြီးအတွင်း၌ တစ်လကြာနေထိုင်မည်၊ ကမ္ဘာ့ဖလားကျင်းပရာ မြို့ရဲစခန်း၌ အကုန်ပြောင်အောင်ခိုးခံရ၊ ကမ္ဘာ့စံချိန်တင်ရန် ပင်လယ်ဓားပြ ၂၃၀၀တို့စုဝေးခဲ့ကြ....စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့် အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)*



# ညောင်ဦးမြို့နယ်ရှိ သမဝါယမအသင်းများ

# ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲကျင်းပ

ညောင်ဦး ဇွန် ၂၉

**ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ကြေးနှင့် ၂၀၁၀-၂၀၁၁ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန်၂၅ရက်က ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ပေးအပ်**

အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ခိုင်နှင့် ညောင်ဦးမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူးကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် သမဝါယမအသင်းများမှ ပေးသွင်းသည့်အခွန်ငွေကျပ် ၂၁၀၃၈၁ ကို အသင်းများ၏ကိုယ်စား မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်မင်းက ညောင်ဦးမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထံပေးအပ်ပြီး စာရင်းစစ်ကြေးငွေ၁၆၄၇၉၃၃ကျပ်ကို ညောင်ဦးမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်မြင့်အေးက မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိဦးအောင်ခိုင်ထံပေးအပ်သည်။ **(အပေါ်ဝဲပုံ) (ခရိုင် ပြန်/ဆက်)**

# ဂမုန်းပွင့်ကုန်တိုက်များတွင်

# ကမ္ဘာ့ဖလားချန်ပီယံခန့်မှန်းပြိုင်ပွဲစတင်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်မြို့ မြေနီကုန်း ကုန်သည်လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့် မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့် သိမ်ကြီးဈေးမျက်နှာစာနှင့် ကမ္ဘာအေးစေတီလမ်းဟူ၍ လေးနေရာတွင် ဆိုင်ခွဲများဖွင့်လှစ်ရောင်းချနေသောကုန်တိုက်များတွင် ဇွန် ၂၈ရက်မှစ၍ ဇူလိုင် ၁၁ရက်အထိ ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံခန့်မှန်းပြိုင်ပွဲ အစီအစဉ်ကို စတင်နေပြီဖြစ်သည်။

ဂမုန်းပွင့်ဆိုင်ခွဲများအားလုံးတွင် ကျပ်တစ်သောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ချန်ပီယံအသင်းခန့်မှန်း ကူပွန်တစ်စောင်ရရှိမည်ဖြစ်သည်။ ကူပွန်တွင် မိမိခန့်မှန်းရာ နိုင်ငံကိုရွေးချယ်ပေးပြီး သက်ဆိုင်ရာနိုင်ငံမဲပုံးများတွင် ထည့်ပေးရမည်ဖြစ်သည်။ ဇူလိုင် ၁၃ရက်တွင် ကံထူးရှင် ၃၀ကို ကံစမ်းမဲနှိုက်ရွေးချယ်ပေးမည် ဖြစ်သည်။

ပထမဆု 35" LCC TV၊ ဒုတိယဆု ကျပ်နှစ်သိန်းတန်ဈေးဝယ်ခွင့် လက်မှတ်၊ တတိယဆု ကျပ်တစ်သိန်းတန် ဈေးဝယ်ခွင့် လက်မှတ်နှင့် နှစ်သိမ့်ဆုများအဖြစ် Moon အမှတ်တံဆိပ် ထမင်းပေါင်းအိုး၊ ပန်ကာ၊ မီးပူနှင့် အခြားပစ္စည်းများ ချီးမြှင့်မည်ဖြစ်သည်။

**နှစ်ခြိုက်**

အဆိုပါ ဂမုန်းပွင့်မှ Moon အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများသည် နေ့စဉ်အဖော်မွန်အဖြစ် အသုံးတည့်ကြောင်း၊ ဂမုန်းပွင့်ကုန်တိုက်များတွင်ကျပ်တစ်သောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်းကို ၁၅ရက်တစ်ကြိမ် ကံစမ်းမဲဆုများ ချီးမြှင့်ပေးသဖြင့် ဈေးဝယ်သူများ နှစ်ခြိုက်ကြကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာအေးဘုရားရှေ့ရှိ ဂမုန်းပွင့် Shopping Mall တွင်လည်း Weekend Sale အစီအစဉ်အနေဖြင့် ကျပ်သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်းအတွက် အထူးအစီအစဉ်ကိုလည်း အပတ်စဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၆/၂၀၁၀) အစည်းအဝေးကို ဇွန်၂၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က ဆောင်ရွက်ကာ သဘာပတိ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးကိုကို(ကိုကို- စက်မှုတက္ကသိုလ်)က ယခင်(၅/၂၀၁၀) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြပြီး တက်ရောက်လာကြသော ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။ **(သတင်းစဉ်)**



မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မန္တလေးတိုင်းအတွင်း အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ တိုးချဲ့ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ မန္တလေးတိုင်းအတွင်း တိုးချဲ့ဖြန့်ဝေပေး

နေပြည်တော် ဇွန် ၂၉

**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်သည့် မန္တလေးတိုင်း အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ တိုးချဲ့ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့ တက်ရောက်ကြသည်။**

## တိုးချဲ့ဖြန့်ဝေ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အဖွင့်အမှာစကား ပြောကြားပြီး ပုသိမ်ကြီးမြို့နယ်မှ ကျေးရွာသုံးရွာနှင့် ကျောက်ဆည်မြို့နယ်မှ ကျေးရွာတစ်ရွာတို့အတွက် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေး သေတ္တာများ တိုးချဲ့ဖြန့်ဝေပေးအပ်ရာ ကျေးရွာများမှ တာဝန်ခံကိုယ်စားလှယ်များက လက်ခံကြသည်။

## ပေးအပ်

ထို့နောက် ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ကျောက်ဆည်မြို့နယ်မှ ကျေးရွာနှစ်ရွာနှင့် တံတားဦးမြို့နယ်မှ ကျေးရွာနှစ်ရွာတို့အတွက် ကိုယ်စားလှယ်များအားလည်းကောင်း၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်က မြစ်သားမြို့နယ် ကျေးရွာနှစ်ရွာနှင့် မိတ္ထီလာမြို့နယ်မှ ကျေးရွာနှစ်ရွာတို့အတွက် ကိုယ်စားလှယ်များအားလည်းကောင်း အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြသည်။

## ရုပ်သိမ်း

ယင်းနောက် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ကျေးရွာကိုယ်စားလှယ်များထံသို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## နှုတ်ဆက်အားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် အခမ်းအနားတက်ရောက်လာကြသော တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

## ကူညီပံ့ပိုး

ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၁၈မြို့နယ်မှ ကျေးရွာပေါင်း ၅၀၀သို့ ဒုတိယအကြိမ်အဖြစ် တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးခြင်း ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# မြောက်ပိုင်းဒေသများ၌ မိုးပိုလာဖွယ်

**နေပြည်တော် ဇွန် ၂၉**

**__ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(သပြေကုန်း)တွင် ၀ဒသမ ၆၃ လက်မ၊ ထားဝယ်မြို့တွင် ၃ဒသမ၁၁ လက်မ၊ ဘီးလင်းမြို့တွင် ၂ဒသမ ၇၆ လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ၃၆ လက်မ၊ မြောက်ဦးမြို့တွင် ၂ဒသမ၂၈ လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၀၁ လက်မနှင့် မကွေး မြို့တွင် ၀ ဒသမ ၉၀ လက်မတို့ဖြစ်ကြသည်။

**__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**__ဇွန် ၃၀ ရက် ညနေအထိခန့်မှန်းချက်မှာ__** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**__မြန်မာ့ပင်လယ်ပြင်တွင်__** မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__** မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ✱ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

## ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ပျိုးပင်များကို ပေးအပ်ကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ မှော်ဘီတပ်နယ်အတွင်းရှိ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ/စစ်သည် မိသားစုများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်မှ တက်ရောက်လာကြသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စက်ရုံ အလုပ်ရုံများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ကံ့ကော်၊ ခရေ၊ ပိတောက်၊ မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုးနှင့် မဲဇလီပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း သတိပေး နှိုးဆော်ချက်

*နေပြည်တော် ဇွန် ၂၉*

*ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန် လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့်(၁၂) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများချိန်ကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကို ဇူလိုင် ၁ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၉)နှင့် (၁၀)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။*

## *ပြသထား*

*ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။*

## *ထိန်းသိမ်းခုတ်မောင်း*

*တံတားရေလယ်တိုင်များ၏အောက်ခြေ ပိုင်တိုင်အုတ်ခုံသည် ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင် နှစ်တိုင်အကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်၊ လားရှိုးမြို့နယ်နှင့် သိန္နီမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်၊ လားရှိုးမြို့နယ်နှင့် သိန္နီမြို့နယ် ရပ်ကွက်/ ကျေးရွာ အုပ်စုကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

## ဆောင်ရွက်ထားရှိမှု

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်ကိုကိုက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

## တွေ့ဆုံ

ဆက်လက်၍ လားရှိုးခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေက လားရှိုးခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ သိလိုသောအချက်များကို မေးမြန်းကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးကုန် ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်မှု၊ စက်မှုသုံးကိရိယာထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးယာဉ်ထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုနှင့် အထွေထွေစက်မှုအလုပ်ရုံများဖြင့် ဖွဲ့စည်းထားပြီး အရည်အသွေးမီ စက်မှုထုတ်ကုန်များကို တွင်ကျယ်စွာ ထုတ်လုပ်ပေးလျက်ရှိသည်။

**လုပ်ကိုင်နိုင်**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ၂၀၁၀ ခုနှစ် မတ်လ ၃၁ရက်နေ့က မကွေးမြို့ရှိ မကွေးစက်မှုနယ်မြေသို့ သွားရောက်စစ်ဆေးသည့် ခရီးစဉ်အတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို မိမိတို့၏ကိုယ်ပိုင်စွမ်းအားဖြင့် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသွားကြရန်လိုကြောင်း။

**ထုတ်လုပ်**

ယခင်က ဘီ-၆၀၀၊ တီ-၂၀၀၀၊ တီအီး-၁၁ စသည်ဖြင့် မော်တော်ယာဉ်အမျိုးမျိုးကို ထုတ်လုပ်ခဲ့ကြသော်လည်း ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် ယာဉ်တစ်စီးလုံး ထုတ်လုပ်သည့်အဆင့်အထိဖြစ်ပေါ်အောင် အစီအမံများကို ခိုင်ခိုင်မာမာ မလုပ်နိုင်ခဲ့ကြကြောင်း။

ယခု ကုန်တင်မော်တင်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို နည်းပညာရယူနိုင်သည့် မိခင်ဗဟိုဌာနအဖြစ်ခံယူ၍ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

**ပေါင်းစပ်ဆောင်ရွက်**

မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းနှင့်ဆက်စပ်နေသော အခြားစက်မှုလုပ်ငန်းများကိုလည်း သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ထူထောင်ထားပြီးဖြစ်၍ အောင်မြင်အောင် ပေါင်းစပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်ရုံသာမဟုတ်ဘဲ ဒေသအလိုက် ပုဂ္ဂလိကစက်မှုဇုန်များမှ လုပ်ငန်းရှင်များထံ နည်းပညာရောက်ရှိအောင် ဆက်လက်လွှဲပြောင်းပေးနိုင်ရန် အရေးကြီးပြီး ယင်းပုဂ္ဂလိကလုပ်ငန်းရှင်များကိုယ်တိုင် မော်တော်ယာဉ်များကို ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်လာနိုင်အောင် ကြိုးစားကူညီ စောင့်ရှောက်သွားရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၊ ပညာရှင်အပိုင်းနှင့် ပြည်သူအပိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် မှာကြားလမ်းညွှန်ခဲ့သည်။

**ကြည့်ရှုလေ့လာ**

ပခုက္ကူစက်မှုဇုန်အတွင်း ရောက်ရှိခိုက် ကျွန်တော်တို့သည် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်နေမှုကိုလည်း ကြည့်ရှုလေ့လာခဲ့ကြသည်။

မော်တော်ယာဉ်ထုတ်လုပ်မှုအနေဖြင့် ၂၀၀၂ - ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး ပခုက္ကူဂျစ်နှင့် Mazda ဂျစ် ကိုးစီး စတင်ထုတ်လုပ်ခဲ့သည်။ ဆက်လက်၍ ဝက်ဂွန် Truck နှင့် Super Truck အပါအဝင် ၂၀၀၆-၂၀၀၇ခုနှစ်အထိ ယာဉ်စီးရေ ၃၉၀ ထုတ်လုပ်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင်မှ ၁၇၁စီး၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ၃၇စီး ထုတ်လုပ်ခဲ့သည်။



ပခုက္ကူစက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်များကို တွေ့ရစဉ်။

မော်တော်ဆိုင်ကယ်များကိုမူ ၂၀၀၇-၂၀၀၈ခုနှစ်တွင် စီးရေ ၈၀၀၀၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် စီးရေ ၁၁၁၀၀ နှင့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် စီးရေ ၁၀၀၀၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့သည်။



**"စက်ရုံကထုတ်လုပ်တဲ့ ဆိုင်ကယ် အစိတ်အပိုင်းများအပါအဝင် ဆိုင်ကယ် တစ်စီးလုံးမှာ ပြည်တွင်းက စက် အစိတ်အပိုင်း ၆၅ရာခိုင်နှုန်းနဲ့ တပ်ဆင် ထုတ်လုပ်ထားပါတယ်။"**

မအယ်နီမျိုး(မန်နေဂျာ)
ဇော်ဆိုင်ကယ်ထုတ်လုပ်ရေး။

ချင်းတွင်း နဂါးများကုမ္ပဏီ ဇော်ဆိုင်ကယ်ထုတ်လုပ်ရေးမှ မန်နေဂျာ မအယ်နီမျိုးက စက်ရုံကို ၂၀၀၇-၂၀၀၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး Model-1 အဖြစ် (90)နဲ့ Model-2 ဖြစ်တဲ့ (125)R အမျိုးအစား ဆိုင်ကယ်စီးရေ ၂၀၀၀ကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ ဆက်လက်ပြီး Model-3 အဖြစ် 110 နဲ့ Model-4 ဖြစ်တဲ့ (125)X တို့ အပါအဝင် လက်ရှိ Model လေးမျိုး ထုတ်လုပ်လျက်ရှိပါတယ်။

၂၀၀၈ - ၂၀၀၉ ခုနှစ်မှာ စီးရေ ၅၁၀၀ နဲ့ ၂၀၀၉-၂၀၁၀ခုနှစ်မှာ စီးရေ ၄၀၀၀ ထုတ်လုပ်ပြီးပါပြီ။ လက်ရှိမှာ ဒေသအခေါ် ရုပ်ဆိုးလို့ခေါ်တဲ့ (125)X အမျိုးအစား Model က အရောင်းသွက်နေပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ လိုင်စင်ပါပြီး ပျမ်းမျှငါးသိန်း၊ ခြောက်သိန်းနဲ့ ခုနစ်သိန်းကျော်ဖြစ်ပါတယ်။

**တပ်ဆင်အသုံးပြု**

စက်ရုံမှာ ဒေသခံအလုပ်သမားအများစု အပါအဝင် လုပ်သား၅၀ရှိပါတယ်။ စက်ရုံမှာပဲ ဆိုင်ကယ်ခြေနင်း၊ ခြေတင်၊ လက်ကိုင်၊ ခွထောက်၊ ဆီတိုင်ကီ၊ ကယ်ရီယာ၊ ကိုယ်ထည်စတဲ့ အစိတ်အပိုင်းများအပါအဝင် ပြည်တွင်းဖြစ် ၆၅ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပြီး စက်ရုံထုတ်ဆိုင်ကယ်တွေမှာ တပ်ဆင်အသုံးပြုနေပါတယ်။

ဆိုင်ကယ်ဇက်ပိုင်းကိုလည်း အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သလို ဆိုင်ကယ်သံချေးချွတ်စက်နဲ့ ၁၀မိနစ်အတွင်း ဆိုင်ကယ်ကိုယ်ထည် ၁၂စီးကို သံချေးချွတ်ပေးနိုင်ပါတယ်။ ဆိုင်ကယ်ဆေးသား ပိုမိုခိုင်ခံ့လှပရေးအတွက်လည်း ဆေးပေါင်းခန်းအပါအဝင် စက်ရုံမှာပဲ စက်ကိရိယာပစ္စည်းအပြည့်အစုံနဲ့ ထုတ်လုပ်ပေးနေပါပြီ" ဟု ပြောကြားသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်များအတွင်း ပျံ့နှံ့စွာတည်ရှိနေပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော စက်မှုလုပ်ငန်းများကို စနစ်တကျ လုပ်ငန်းအုပ်စုအလိုက် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် စက်မှုဇုန်များ ဖော်ထုတ်ကာ မြေတောင်မြှောက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

**ဖြန့်ဖြူးပေး**

သို့မို့ကြောင့် ယခုဆိုပါမူ ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးပြကြီးများတွင် စက်မှုဇုန်ပေါင်း၁၈ဇုန်နှင့် စက်မှုလက်မှုရပ်ကွက်များ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီး သွင်းကုန်အစားထိုး အရည်အသွေးမီ စက်မှုထုတ်ကုန်များကို တွင်ကျယ်စွာ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပခုက္ကူစက်မှုဇုန်ကို ပမာပြု၍ တင်ပြလိုက်ရပါသည်။ ။



ချင်းတွင်းနဂါးများကုမ္ပဏီ ဇော်မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သော (125) X Model-4 (ဒေသအခေါ်-ရုပ်ဆိုး) ဆိုင်ကယ်များ။

# ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

**အာကာဟိန်း - စုစည်းတင်ပြသည်**

## ဘရာဇီးပရိသတ်များ ညလုံးပေါက်အောင်ပွဲခံ

*ရှုံးထွက်အဆင့်၌ ချီလီကိုသုံးဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့သည့်ပွဲစဉ်ကို ရုပ်မြင်သံကြားမှ ကြည့်ရှုအားပေးခဲ့သော ဆော်ပေါလိုမြို့ ပရိသတ် ၅၀၀၀၀ ကျော်တို့သည် ညလုံးပေါက် အောင်ပွဲခံပျော်ရွှင်ခဲ့ကြကြောင်း ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားမှုမရှိကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၉ရက်၌ ပြောကြားသည်။*

## ဥရုဂွေးအတွက် အောင်မြင်မှုများရယူပေးမည်

*ကွာတားဖိုင်နယ်တက်ရောက်ခဲ့သော ဥရုဂွေးအသင်းနည်းပြ အော်စကာတာဘာရက်ဇ်က အောင်မြင်မှုများရယူနိုင်မည်ဟု ယုံကြည်နေကြောင်း၊ ၁၉၇၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကွာတားတက်ရောက်နိုင်ခြင်းအတွက် ဂုဏ်ယူကြောင်း ဇွန် ၂၉ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။*

## ကျေနပ်မှုရှိကြောင်း ရော်ဘင်ပြောကြား

*ဆလိုဗက်ကီးယားအသင်းနှင့် ရှုံးထွက်ပွဲစဉ်ကစားခဲ့သည့်ပွဲ၌ နယ်သာလန်တောင်ပံကစားသမားရော်ဘင် တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ယခုကမ္ဘာ့ဖလားပွဲ၌ ကြွံခိုင်မှုအပြည့် ပါဝင်ကစားနိုင်ခြင်းမရှိသော်လည်း ဂိုးသွင်းနိုင်ခဲ့၍ ကျေနပ်ကြောင်း ဇွန် ၂၉ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။*

## မြောက်ကိုရီးယားနောက်ခံလူ ဆွစ်ဇာလန်ကလပ်ခေါ်ယူ

*၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြောက်ကိုရီးယားအသင်းမှ နောက်ခံလူ ချာကျောင်ဟွတ်ခ် ခြေစွမ်းအား သဘောကျသဖြင့် ဆွစ်ဇာလန်ကလပ် အက်ဖ်စီဝီလ်က ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဇွန် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။*

## ဂျပန်ကွင်းလယ်လူ မက်ဆူအီ စပိန်ကလပ်ခေါ်ယူထား

*၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်းမှ အသက် ၂၉နှစ်အရွယ် မက်ဆူအီအား စပိန်ကလပ်ဂရီနိဘလီက ခေါ်ယူမည်ဖြစ်ကြောင်း တရားဝင် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးစီးပါက စာချုပ်ချုပ်ဆိုခေါ်ယူသွားမည်ဖြစ်ကြောင်း ဂျပန်အသင်းတာဝန်ရှိသူများက ဇွန် ၂၉ရက်၌ ပြောကြားသည်။*

## ဘရာဇီးတိုက်စစ်မှူးများ ရွှေဖိနပ်ဆုမှန်းနေ

*ဘရာဇီးကွင်းလယ်တိုက်စစ်မှူး ကာကာက ယခုနှစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ရွှေဖိနပ်ဆုကို မိမိတို့ဘရာဇီးအသင်းမှ ရယူနိုင်မည်ဟု ယုံကြည်နေကြောင်း၊ လောလောဆယ်တွင် ဖေဘီယာနိုနှင့် အီလာနိုတို့ နှစ်ဂိုးစီ သွင်းယူထားသော်လည်း ဆက်လက်ဂိုးသွင်းယူနိုင်မည့်သူများဖြစ်ကြောင်း သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။*

## ကွာတားဖိုင်နယ်၌ မက်ဆီဂိုးသွင်းမည်ဟုပြောကြား

*ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီနှင့် ကစားမည့်ပွဲ၌ အာဂျင်တီးနားအတွက် မက်ဆီဂိုးရအောင်သွင်းမည်ဖြစ်ကြောင်း၊ နည်းပြမာရာဒိုနာနှင့် အပေးအယူသဘောတူညီမှု ပြုလုပ်ထားကြောင်း မက်ဆီက ဇွန် ၂၉ ရက်၌ ပြောကြားသည်။*

## ဂါနာတိုက်စစ်မှူးဂျန် ခြေချင်းဝတ်ဒဏ်ရာရရှိ

*ဂါနာတိုက်စစ်မှူး အဆာမိုဂျန်သည် လေ့ကျင့်ရေးကွင်း၌ ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့ရာ ဥရုဂွေးနှင့် ကွာတားဖိုင်နယ်၌ ပါဝင်ကစားနိုင်ရန် မသေချာကြောင်း ဂါနာအသင်းတာဝန်ရှိသူများက ဇွန် ၂၉ရက်၌ ပြောကြားသည်။*

## ဂိုးဝင်မှု ဆုံးဖြတ်မှုများ နည်းပညာလိုအပ်

*ယခုကမ္ဘာ့ဖလားပွဲ၌ ဂိုးဝင်မှုများ အငြင်းပွားလျက်ရှိရာ ရုပ်မြင်သံကြားအကူအညီဖြင့် ဗီဒီယိုပြကွက်များဖြင့် သုံးသပ်ပြီး နည်းပညာအကူအညီ ရယူသင့်ကြောင်း နည်းပြဂူဟစ်ဒင့်က ဇွန် ၂၉ရက်၌ ဗီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ ။*

*(အင်တာနက်)*

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ငဝန်မြစ်ကူး(မြို့ကွင်း)တံတား
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၅ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ သီချင်းကြီးပဒေသာ
- ၅:၀၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၁၀ ၈။ သတင်းကောင်း
- ၅:၂၅ ၉။ ကမ္ဘာ့ဖလားပုံရိပ်များ(အပိုင်း-၇)
- ၅:၃၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင် လွှင်ပြင်
- ၇:၄၅ ၁၇။ အလင်္ကာကျော်စွာ မြို့မငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၂။ နိုင်ငံတော်အတွက်ထာဝရသစ္စာ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅၅)
- ၂၄။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၈ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **ဆယ့်နှစ်လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
- ၂၅။ အစီအစဉ်ပြီး၏။

# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား KONRAN- ADENAUER- SIFTUNG ၏ Regional Programme Political Dialogue Asia /Singapore မှ Program Director Dr.Wilhelm Hofmeister သည် City University of Hong Kong ,Political Science ဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ရင်လှိုင်နှင့်အတူ ဇွန် ၁၆ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများဖလှယ်ရေးနှင့် အသင်းချုပ်၌ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆမ်းဘားစည်တိုသံတွေ စည်ဝေအောင် ဘရာဇီးတို့ စွမ်းဆောင်ပြမှာလား

# လိမ္မော်ရောင်တွေဖုံးလွှမ်းပြီး နယ်သာလန်တို့ အောင်ပွဲခံဦးမှာလား

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၉

**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ၏ ရှုံးထွက်ပွဲစဉ်များကို ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ဘောလုံးလောကကို စိုးမိုးထားနိုင်သော အသင်းကြီးအများစု ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။ ထူးထူးခြားခြားအဖြစ် တောင်အမေရိကအသင်းများ ခြေစွမ်းပြနိုင်ခဲ့ရာ ကွာတားဖိုင်နယ်အဆင့်သို့ အများစုတက်ရောက်နိုင်ခဲ့ကြသည်။**

ကွာတားဖိုင်နယ်ပွဲစဉ် (၁)အဖြစ် နယ်သာလန်နှင့် ဘရာဇီးတို့ ဇူလိုင် ၂ ရက် မြန်မာစံတော်ချိန် ည ၈နာရီခွဲ၌ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ နယ်သာလန်အသင်းရော ဘရာဇီးအသင်းပါ ခြေစွမ်းပြနိုင်သည့်အပြင် ကစားအားထိန်းနိုင်ကြသည့် အသင်းများဖြစ်ရာ နှစ်ဖက်အသင်းကစားသမားများ ရေကုန်ရေခန်း နွှဲကြရမည့် ပွဲပင်ဖြစ်သည်။



**ရော်ဘင် နယ်သာလန်အသင်းအတွက် အကြိုဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်မှာလား။**

## ပါဝင်

ဘရာဇီးအသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ ရေပန်းစားသည့် အသင်းများတွင် ပါဝင်သော်လည်း ပရိသတ်အကြိုက်တွေ့မှု နည်းပါးခဲ့သည်။ သို့သော် အုပ်စုပွဲများ၊ ရှုံးထွက်အဆင့်ပွဲများကို ဖြတ်သန်းဆင်နွှဲခဲ့သော ခြေစွမ်းတို့ကြောင့် ဘရာဇီးအသင်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှုထိပ်ဆုံး ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလား ငါးကြိမ်ရရှိခဲ့သည့် ဘရာဇီးအသင်းသည် နည်းပြဒွန်ဂါ၏ အချိန်ယူပြင်ဆင်ခဲ့မှုကြောင့် ကစားသမားများနှင့် ကစားကွက်၊ နည်းစနစ်နှင့် နည်းဗျူဟာပိုင်း၊ ပွဲထွက်ကစားသမား အခင်းအကျင်းများအဖြစ် အရန်လူအစားထိုးမှုအပိုင်းများကို စနစ်တကျပြုလုပ်နိုင်ခဲ့သည်။

## ဖြတ်သန်း

ဘရာဇီးတို့ ၂၀၁၀ကမ္ဘာ့ဖလားပွဲ၌ အုပ်စု(ဆ)တွင် မြောက်ကိုရီးယား၊ အိုင်ဗရီကို့စ်၊ ပေါ်တူဂီတို့နှင့် တစ်အုပ်စုတည်းကျခဲ့သည်။ အုပ်စုအနေအထားအရကျပ်တည်းသော်လည်း ဘရာဇီးတို့ အခက်အခဲမရှိ ဖြတ်သန်းနိုင်ခဲ့သည်။ အုပ်စုပွဲစဉ်များ၌ မြောက်ကိုရီးယားကို နှစ်ဂိုး-တစ်ဂိုး၊ အိုင်ဗရီကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးနှင့် ပေါ်တူဂီကို ဂိုးမရှိ သရေပွဲ ရလဒ်များဖြင့် ခုနစ်မှတ် ရရှိခဲ့သည်။ အုပ်စု(ဆ)တွင် ဘရာဇီးတို့ အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ရှုံးထွက်အဆင့်၌ ဘရာဇီးတို့ ချီလီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

## ဂိုးသွင်း

ဘရာဇီးတို့ အုပ်စုပွဲစဉ်များ၌ သုံးပွဲကစားပြီး ငါးဂိုးသွင်းကာ ပေးဂိုးနှစ်ဂိုးရှိခဲ့သည်။ ရှုံးထွက်အဆင့်၌ သုံးဂိုးသွင်းယူနိုင်ခဲ့ပြီး ပေးဂိုးမရှိခဲ့သဖြင့် စုစုပေါင်း လေးပွဲကစား၊ ရှစ်ဂိုးသွင်းကာ ပေးဂိုးနှစ်ဂိုးသာ ရှိခဲ့သည်။ ဘရာဇီးတွင် ဖေဘီယာနိုနှင့် အီလာနိုတို့ နှစ်ဂိုးစီသွင်းယူထားနိုင်ကြသည်။ ဘရာဇီးသည် လက်ရှိအချိန်အထိ ယခုကမ္ဘာ့ဖလားပွဲ၌ ရှုံးပွဲမရှိသေးသည့်အပြင် တိုက်စစ်၊ ခံစစ်မျှအောင်ကစားနိုင်သည်။ ကွင်းလယ်တွင် ကာကာ၏ ဖန်တီးမှုများက ဂိုးအဖြစ်ပြောင်းလဲနိုင်သည်အထိ ထိရောက်မှုရှိသည်။ အသင်းလိုက် ကစားအားကို လိုသလိုအတက်အကျထိန်းနိုင်ရာ တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှုနှင့် ပေါင်းစပ်ထားသဖြင့် ဘရာဇီးတို့ ရှုံးပွဲမရှိဖြစ်နေခြင်းပင် ဖြစ်သည်။ ဘရာဇီး တိုက်စစ်အားမှာ လျင်မြန်မှု၊ ပါးနပ်မှုနှင့် အခုံးသတ်ကောင်းမွန်မှုတို့ကြောင့် နယ်သာလန်ခံစစ်ကြောင်း ယိမ်းယိုင်သွားစေနိုင်အောင် ပြုလုပ်နိုင်သည့် နည်းပြဒွန်ဂါက ခြောက်ကြိမ်မြောက် ကမ္ဘာ့ဖလားကို မိမိကိုင်မြှောက်ရေးကြိုးစားမည်ဟု ယခုကမ္ဘာ့ဖလားပြိုင်ပွဲမဝင်ခင်ကတည်းကပင် ပြောကြားသည်ဖြစ်ရာ လက်တွေ့အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိ ကြည့်ရပေမည်။

## တက်လှမ်း

နယ်သာလန်အသင်းမှာ ၁၉၉၈ ခုနှစ်နောက် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ နယ်သာလန်၏ ၂၀၁၀ကမ္ဘာ့ဖလားဖြတ်သန်းမှုကို ကြည့်လျှင် အုပ်စု(င)၌ ပါဝင်ခဲ့သည်။ အုပ်စု(င)အုပ်စုပွဲစဉ်များ ကစားခဲ့ရာတွင် ဒိန်းမတ်ကို နှစ်ဂိုးပြတ်နိုင်ပြီး ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ကင်မရွန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သဖြင့် သုံးပွဲကစား ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ရှုံးထွက် ၁၆ သင်းအဆင့်တွင် ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သဖြင့်ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။



**ဘရာဇီးတိုက်စစ် ထက်မြက်အောင် ဖန်တီးပေးမည့် ကာကာ။**

နယ်သာလန်တို့ အုပ်စုပွဲများဖြတ်သန်းခဲ့ရာတွင် သွင်းဂိုး ငါးဂိုး၊ ပေးဂိုး တစ်ဂိုးရှိခဲ့ပြီး ရှုံးထွက်အဆင့်၌ သွင်းဂိုး နှစ်ဂိုး၊ ပေးဂိုးတစ်ဂိုးသာရှိခဲ့ရာ စုစုပေါင်း သွင်းဂိုး ခုနစ်ဂိုး၊ ပေးဂိုးနှစ်ဂိုး ရလဒ်များထွက်ပေါ်ခဲ့သည်။ ယခုကမ္ဘာ့ဖလားပြိုင်ပွဲဝင် နယ်သာလန် အသင်း၏ကစားဟန်က ပြောင်းလဲခဲ့ပြီ။ အုပ်စုဖွဲ့ ထိုးဖောက်ကစားမှု စနစ်ကခွဲထွက်ပြီး မြန်နှုန်းမြင့် တိုက်စစ်ဆင်ဂိုးသွင်းခြင်းကို ကျင့်သုံးနေသည်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း လွတ်လပ်စွာလှုပ်ရှားပြီး တိကျသောချိန်သားကိုက်ပံ့ပိုးမှုဖြင့် တိုက်စစ်မှူးများက လျှပ်တစ်ပြက်အတွင်း ဂိုးသွင်းနိုင်အောင် ကြိုးစားနေခြင်းပင်ဖြစ်သည်။

## ထိန်းကစားမည်

နယ်သာလန်တွင် ဗန်ပါစီ၊ ဘွန်းမဲလ်၊ ရှနိုက်ဒါ၊ ရော်ဘင်တို့က အဓိကလှုပ်ရှားကြသူများဖြစ်ပြီး ဘရာဇီးနောက်တန်းကို လျင်မြန်မှုနှင့် ပါဝါသုံးကာ ထိုးဖောက်ဂိုးသွင်းနိုင်အောင် ကြိုးစားကြမည်ဖြစ်သည်။ နေရာလိုက်ကစားအားတွင် ဘရာဇီးနှင့် နယ်သာလန်တို့အင်အားချင်း ဟန်ချက်မျှနေသည်။ ကွင်းလယ်ကစားအားနှင့် တိုက်စစ်ပံ့ပိုးမှုအပိုင်း၌ ဘရာဇီးတို့ ပိုပြီး ထိရောက်ထက်မြက်သည်။ နယ်သာလန်၏ အဟုန်ပြင်းပြင်းတိုက်စစ်ကို ဘရာဇီးတို့က ကျွမ်းကျင်မှု၊ ပါးနပ်မှုနှင့်အချင်းချင်းနားလည်မှုများဖြင့် ထိန်းကစားမည်မှာ သေချာသည်။

ယခုပွဲ၌ နှစ်သင်းစလုံးအဓိက ကစားသမားများ အားလုံးထုတ်သုံးမည်ဖြစ်ရာ အကြိတ်အနယ် ပြတ်ပြတ်သားသား အားထည့်နွှဲရမည်။ ကစားအားမျှသော်လည်း အခွင့်အရေး အသုံးချတတ်မှုအပိုင်း၌ ဘရာဇီးတို့က ပိုပြီးထက်မြက်ထိရောက်မှုရှိသည်ဟု ရှုမြင်မိပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

# ဆမ်းဘားဘုရင်တို့ အောင်ပွဲခံ ချီလီတို့ တစ်စခန်းရပ်ခဲ့ပြီ

မောင်ချစ်ကြည် - ရေးသားသည်



**ကိတ်ဖ်တောင်း ဇွန် ၂၉**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ ဘရာဇီးနှင့် ချီလီတို့ ဇွန် ၂၉ရက်က ကစားခဲ့သည့် ပွဲ၌ ဘရာဇီးတို့က သုံးဂိုးပြတ် အနိုင်ရရှိခဲ့သဖြင့် ဆမ်းဘားဘုရင်တို့ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

## အခင်းအကျင်း

ဖေဘီယာနိုကို အထောင်တိုက်စစ်မှူးထားပြီး ၄း ၂း ၃း ၁ အခင်းအကျင်းဖြင့် ပွဲထွက်လာသော နည်းပြဒွန်ဂါ၏ ဘရာဇီး အသင်းသည် ချီလီအပေါ် အသင်းလိုက်ကစားအား၊ တစ်ဦးချင်းဘောလုံးစွမ်းရည်မြင့်မားမှုတို့ဖြင့် ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ချီလီတို့ကလည်း ဆန်ချက်ဇ်၊ ဆွာဇို၊ ဗွန်ဇာလက်တို့ တိုက်စစ်မှူးများဖြင့်ပွဲထွက်ကာ ဘရာဇီးကို ရင်ဆိုင်ခဲ့သည်။

## အဖွင့်ဂိုး

ပွဲအစတွင် နှစ်သင်းစလုံးအသာစီးမှထိုးဖောက်ကစားနိုင်ရေး ကြိုးစားခဲ့ကြသည်။ ဘရာဇီးတိုက်စစ်တွင် ရော်ဘင်ဟို၊ ကာကာ၊ အဲလ်ဗက်တို့ကလည်း အင်အားဖြည့် ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့်အခွင့်အရေးများရရှိခဲ့သည်။ ပွဲချိန် ၃၃ မိနစ်တွင် ချီလီတိုက်စစ်မှူး ဆွာဇိုကန်သွင်းချက်က ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့၍ ချီလီတို့နှစ်နာခဲ့သည်။ ဘရာဇီးတို့အဖွင့်ဂိုးရရှိရေးကြိုးစားခဲ့ရာ ၃၄မိနစ်၌ ဘရာဇီးတို့ ညာထောင့်ကန်ဘော ရရှိခဲ့သည်။ ယင်းညာထောင့်ကန်ဘောကို မိုင်ကွန်ကကန်တင်ပေးလိုက်ရာ နောက်ခံလူဂျူအန်က ချီလီနောက်ခံလူများကြားမှ ခေါင်းတိုက်သွင်းယူလိုက်၍ ဘရာဇီးတို့အဖွင့်ဂိုး စတင်ရရှိခဲ့သည်။



**ဘရာဇီးနှင့် ချီလီတို့ ရှုံးထွက်ပွဲစဉ်၌ တိုက်စစ်မှူး ဖေဘီယာနို ဤသို့ ဂိုးသွင်းယူခဲ့သည်။**

## ဒုတိယဂိုး

ဘရာဇီးအသင်းသည် ကစားကွက်ကိုထိန်းချုပ်နိုင်ခဲ့ပြီး ချီလီဘက်သို့ ဖိဖိစီးစီး ထိုးဖောက်ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၃၈မိနစ်၌ ကာကာခင်းပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူးဖေဘီယာနိုကန်သွင်းယူခဲ့သဖြင့် ဘရာဇီးဒုတိယဂိုးရရှိခဲ့သည်။ ချီလီတို့ချေပဂိုးရရန် ကြိုးစားခဲ့သော်လည်း ဘရာဇီးနောက်တန်းကို ထိထိရောက်ရောက် ဖြတ်ကျော် ဂိုးသွင်းခွင့်မရရှိခဲ့ချေ။ပထမပိုင်းပွဲချိန်အတွင်း ဘရာဇီးတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

## တတိယဂိုး

ဒုတိယပိုင်းပွဲချိန်အတွင်း ဘရာဇီးတို့ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး ကစားကွက်လည်း စီးထားနိုင်ခဲ့သည်။ ၅၉မိနစ်တွင် ကွင်းလယ်မှမိုင်ကွန်တင်ပေးလိုက်သည့်ဘောလုံးကို ရော်ဘင်ဟိုရရှိပြီး ချီလီဂိုးဧရိယာအတွင်းမှကန်သွင်းယူခဲ့သဖြင့် ဘရာဇီးတို့ တတိယဂိုးရရှိခဲ့ပြန်သည်။

## အစားထိုး

ဘရာဇီးတို့ သုံးဂိုးဖြင့် ဦးဆောင်ကစားနေရာမှ ပွဲချိန် ၇၆ မိနစ်၌ ဖေဘီရာနိုအစား နီလ်မာ၊ ပွဲချိန် ၈၁ မိနစ်၌ ကာကာအစား ကလီဘာဆင်၊ ရော်ဘင်ဟိုအစား ဂီလ်ဘာတို အစားထိုးကစားစေခဲ့သည်။ ချီလီတို့ချေပဂိုးရရှိရေး ဗာလ်ဒီဘီယာကို ဗွန်ဇာလက်ဇ် အစားထည့်သွင်းခဲ့သလို တီလ်လိုကိုလည်း ကွန်ထရီရက်စ်နေရာ၌ အစားထိုးကစားစေခဲ့သည်။

## ကွာတားတက်

ပွဲချိန်ပြည့်သည်အထိ ချီလီတို့ ဂိုးမသွင်းနိုင်သဖြင့် ဘရာဇီးတို့ သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ယခုကမ္ဘာ့ဖလားပွဲ၌ ကွာတားဖိုင်နယ်သို့ ရှုံးပွဲမရှိ သိက္ခာရှိစွာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# မြဝတီမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ အဖွဲ့ဝင်များ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**မြဝတီ ဇွန် ၂၉**

မြဝတီမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၀- ၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် အသက်(၇၅)နှစ်နှင့်အထက် အဖွဲ့ဝင်များ၊ မသန်စွမ်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံးတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ် ၈၅ ဒါဇင်နှင့် ခဲတံ ၇၂ ဒါဇင်ကို ခရိုင်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်လွင်(ငြိမ်း)က လက်ခံယူသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)





**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ(စိုက်ပျိုးရေးပညာပေးရေး) ဦးလှကြီး ဇွန် ၁၉ရက်က သန်လျင်မြို့နယ် မန်နေဂျာရုံးအစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်၊ မြို့နယ်မန်နေဂျာများ၊ တာဝန်ရှိသူများအားတွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြားစဉ်။** (၁၈၄)

# သဃ်န်းကျွန်း ထွေ/အုပ် ပညာသင်ထောက်ပံ့

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်နှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသား ကျောင်းသူ ၂၉ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၅၆၀၀၀ကို မြို့နယ်ဒုတိယဦးစီးမှူး ဦးတင်ငြိမ်းနှင့် ဌာနခွဲစာရေးကြီး ဦးတင့်ဆွေတို့ထံ ပေးအပ်သည်။ (ယာပုံ) (၁၂၁)



30-6 (11).pmd 1 6/30/2010, 1:23 AM

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်အမှတ်(၃)၊ အခန်း (၁၀၃)တွင် ပါတီရုံးချုပ်တည်ရှိသော အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၆-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍(၇)ရက် အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအင်အားစု**
**NATIONAL DEMOCRATIC FORCE ၏ အလံပုံစံ**



**အမျိုးသားဒီမိုကရေစီအင်အားစု**
**NATIONAL DEMOCRATIC FORCE ၏**
**တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၇(ဆ၊ B)၊ ဧရိယာ ၀ဒသမ၁၂၃ဧကရှိသော နှစ်(၆၀)မြေကွက်အနက်မှ မခွဲမစိတ်ရသေးသောအဆိုပါမြေကွက်ကြီး၏အလယ်ပိုင်း ၆၀× 66/87 ပေခန့်ရှိသော မြေကွက် (အုတ်တံတိုင်းကာရံပြီး အနေအထားအတိုင်း)နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဦးစိုးဝင်း ၁၂/ပဘတ(နိုင်)၀၀၃၈၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဥ်-၆၀၈၂)** B.A,H.G.P,C.B.L,D.B.L,D.M.L
**ဥပဒေအကျိုးဆောင်၊ အမှတ်- (၁၀/၁၂)၊ ပထမထပ်(အေ-၅)၊**
**၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။**



## အမည်ပြောင်း

ဦးခင်မောင်ဦး၏သား အထက(၂) အင်းစိန် တက္ကသိုလ်ဝင်တန်း(F)မှ မောင်ကျော်ကိုကိုဇော် ၁၂/အစန(နိုင်) ၂၂၃၇၉၆ အား မောင်ကျော်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ကိုကို။**


# ဆေးရုံသုံးပစ္စည်း ဝယ်ယူရန် လှူဒါန်း

**ရန်ကုန် ဇွန် ၂၉**

ကရင်ပြည်နယ် မြဝတီဆေးရုံကြီးအတွက် လူနာတင်ခုတင်များနှင့် လူနာသုံးဗီရိုများ ဝယ်ယူရန်အတွက် အလှူငွေ ကျပ်သိန်း၂၀ ပေးအပ်လှူဒါန်းပွဲကို ဇွန်၂၇ရက် နံနက်က ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းထံ မရမ်းကုန်းမြို့နယ်နေ သီရိသုဓမ္မ မဏိဇောတရေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုက ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

### တက်ရောက်

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ အဖွဲ့ဝင် ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်၊ မြဝတီဆေးရုံအုပ်ကြီး ဒေါက်တာဌေးနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၁၁၃)





# ဆကာကြီးအသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ဆကာကြီးအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၈နာရီက ဆကာကြီးမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ဆကာကြီးအသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီး-အေးကြူ)က သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရခြင်းနှင့် ဆကာကြီးအသင်း(ရန်ကုန်) အသင်း တိုက်ဖြစ်မြောက်ရေး ဦးစီးကော်မတီဝင် ဦးအောင်မိုးဇော်(ရွှေဘုန်းပွင့်)က အသင်းတိုက်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ဦးလှအောင်(ဆကာကြီးအထက)မှ ကန်တော့ချိုးကို တိုင်ပေးပြီး အသက် ၈၀နှင့်အထက် ဘိုးဘွား ၃၀တို့ကို အလှူငွေများပေးအပ်ကြပြီး ရှိခိုးကန်တော့ကြသည်။ သက်ကြီးဘိုးဘွားများကိုယ်စား ကန်တော့ခံ အငြိမ်းစားဆရာကြီး ဦးစံရင်က ဆုတောင်းမေတ္တာပို့စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဆကာကြီးအထကမှ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ဆကာကြီးအထက ကျောင်းအုပ်ဆရာကြီး ဦးစောစိန်သောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

ဇွန်၂၆ရက်က ထားဝယ်ခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ထားဝယ်မြို့ အထက(၁)ကျောင်း၌ ကျင်းပရာ ခေတ္တထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်မြက အဖွင့်အမှာစကား ပြောကြား၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ (၁၈၇)





# ဒဂုံမြို့သစ်(တောင်ပိုင်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မိဘရိပ်ကုမ္ပဏီတို့ ပူးပေါင်း၍ ပညာရည်ချွန်ဆုနှင်း

**ရန်ကုန် ဇွန် ၂၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မိဘရိပ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၉ရက် (စနေနေ့) နံနက်၉နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် အောင်ဇောမိဘုရားဝင်းရှိ မိဘရိပ်သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရွှေ (မင်းရွှေမင်း-တောင်ကုတ်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ မိဘရိပ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)နှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက်၊ ဆေး-၁)တို့က ပညာချွန်ဆုချီးမြှင့်ရခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

### ချီးမြှင့်

ထို့နောက် မိဘရိပ်ကုမ္ပဏီလီမိတက်မှ ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)၊ ဒေါ်အေးသိန်း(မိဘရိပ်)တို့က ပေးအပ်ပြီး **(အပေါ်ပုံ)** မိဘရိပ်၏ ပညာရည်ချွန်ဆုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပညာရည်ချွန်ဆုများကို စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ချီးမြှင့်ပေးအပ်ကြသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**





ဇွန် ၂၆ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ ဆုရရှိသူများအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့် ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)





ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဇွန် ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများပူးပေါင်း၍ အဖွဲ့ပိုင် မီးသတ်ရေယာဉ်တစ်စီး၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးနှင့် အပေါ့စား မီးသတ်စက်တို့ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

# မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အထက(၂) စုဝေးခန်းမတွင် ဇွန် ၂၆ရက် နံနက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ဖတ်ကြားပြီး **(အပေါ်ပုံ)** မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံလင်းက မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကာ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်တရားသူကြီးတို့က ဥပဒေဆိုင်ရာရှုထောင့်များမှ အသိပညာပေး ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

## မူးယစ်ကင်းစင် အလှဆင်



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဇွန် ၁၈ရက်က ကျောင်းနေအရွယ်ကလေးများအား ကျောင်းသုံးပစ္စည်းထောက်ပံ့ပေးအပ်ပွဲ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးနီက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

# လစ်ဗျားနိုင်ငံအကြောင်း သိကောင်းစရာ

**တိုး - ရေးသားသည်**




လစ်ဗျားနိုင်ငံသည် အာဖရိကတိုက်မြောက်ပိုင်း မြေထဲပင်လယ်ကမ်းခြေဒေသတွင် တည်ရှိသည်။ ၁၉၈၈ခုနှစ် ဒီဇင်ဘာလအတွင်းက ဗြိတိန်နိုင်ငံ စကော့တလန်ပြည်နယ် လော့ကာဘီးမြို့ပေါ်၌ အမေရိကန် ပန်အန်းခရီးသည်တင်လေယာဉ်ကြီးကို ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်း၏ဝိုင်းပယ်မှုကို အချိန်ကြာမြင့်စွာ ခံခဲ့ရသည့် နိုင်ငံဖြစ်သည်။ လော့ကာဘီးအရေးကို ၂၀၀၃ခုနှစ်တွင် လစ်ဗျားအစိုးရက တရားဝင် တာဝန်ယူ ဖြေရှင်းပေးသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ယင်းကိစ္စတင်ပြသဖြင့် ကုလသမဂ္ဂ၏ အရေးယူပိတ်ပင်မှု ရုပ်သိမ်းပေးသည်။

ထို့နောက် လအတန်ကြာသောအခါ လစ်ဗျားနိုင်ငံက လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များကို စွန့်လွှတ်လိုက်သည်။ ဤနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများ၏ ဆက်ဆံရေးလည်း လမ်းပွင့်သွားရတော့သည်။

ရှည်လျားသည့် ဤနိုင်ငံ၏သမိုင်းတွင် ဘီစီ-၇ရာစုက လစ်ဗျားအနောက်ပိုင်း ထရီပိုလီတေးနီးယား၌ ဖိုနီးရှန်းတို့ အခြေချခဲ့ခြင်းမှ အစပြုသည်။ ဘီစီ-၆ရာစုတွင် ထရီပိုလီတေးနီးယားကို ကာသေ့ဂ်တို့အောင်နိုင်သည်။ ဘီစီ ၄ရာစုတွင် နိုင်ငံအရှေ့ပိုင်း ဆိုက်ရီနေကာကို ဂရိတို့ လက်အောက်ခံ ကိုလိုနီအဖြစ် သွတ်သွင်းသည်။ လစ်ဗျားဟု ခေါ်ဝေါ်သမုတ်သည်။ ဘီစီ-၇၄ခုနှစ်တွင် လစ်ဗျားကို ရောမကသိမ်းသည်။ ၆၄၃ခုနှစ်တွင် အာရပ်တို့က လစ်ဗျားကို ဝင်ရောက်သိမ်းပိုက်ပြီး အစ္စလာမ်သာသနာပြုသည်။

၁၆ရာစုတွင် လစ်ဗျားသည် အော်တိုမန်အင်ပါယာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ၁၉၁၁-၁၉၁၂ခုနှစ်တွင် လစ်ဗျားကို အီတလီက သိမ်းပိုက်ပြန်သည်။ ၁၉၅၁ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ လစ်ဗျားဘုရင်မှာ အိုက်ဒရစ်အယ်ဆာနူဆီ ဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ရေနံရှာဖွေ တွေ့ရှိသည်။ ၁၉၆၉ခုနှစ်တွင် ဗိုလ်မှူးကြီး ကဒါဖီက ဘုရင်ကို နန်းချအာဏာသိမ်းလိုက်သည်။ ကဒါဖီက လစ်ဗျားနိုင်ငံတွင် အာရပ်နိုင်ငံများကို ပေါင်းစည်းရန် ကြိုးပမ်းသည်။ ရေနံလုပ်ငန်း အပါအဝင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် သိမ်းယူသည်။

## ဖွဲ့စည်း

၁၉၇၃ခုနှစ်တွင် ကဒါဖီက ယဉ်ကျေးမှုတော်လှန်ရေးကို ထုတ်ပြန်ကြေညာသည်။ စာသင်ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ်များ၊ လုပ်ငန်းများနှင့် အုပ်ချုပ်ရေးခရိုင်များတွင် ပြည်သူ့ကော်မတီများကို ဖွဲ့စည်းပေးသည်။ ၁၉၇၇ခုနှစ်တွင် ပြည်သူ့တော်လှန်ရေးကို ကြေညာပြီး တော်လှန်ရေးကော်မတီများကို ကဒါဖီက ဖွဲ့စည်းသည်။

၁၉၈၀ပြည့်နှစ်တွင် လစ်ဗျားနှင့် ဆီးရီးယားတို့ ပေါင်းစည်းရန် သဘောတူသည်။ သို့သော် အကောင်အထည် မဖော်နိုင်ခဲ့ပေ။ ၁၉၈၁ခုနှစ်တွင် လစ်ဗျားရေပိုင်နက်ဆိုသည့် ဆာတီပင်လယ်ကွေ့တွင် လစ်ဗျားလေယာဉ်နှစ်စင်းကို အမေရိကန်က ပစ်ချသည်။

၁၉၈၄ခုနှစ်တွင် လန်ဒန်မြို့ရှိ လစ်ဗျားသံရုံးအပြင်ဘက်တွင် ဗြိတိသျှရဲတပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးကို လစ်ဗျားက ပစ်သတ်လိုက်ပြီးနောက် လစ်ဗျားနှင့် ဗြိတိန်တို့ သံတမန်အဆက်ဖြတ်လိုက်သည်။ ၁၉၈၆ခုနှစ်တွင် အမေရိကန်က လစ်ဗျားစစ်ဘက်အဆောက်အအုံများနှင့်တကွ ထရီပိုလီမြို့တော်နှင့် ဘင်္ဂါဇီရပ်ကွက်များကိုပါ ဗုံးကြဲတိုက်ခိုက်သဖြင့် လူ ၁၀၁ဦး သေဆုံးသည်။ ကဒါဖီ၏နေအိမ်ကို ဗုံးကြဲသဖြင့် မွေးစားသမီး သေဆုံးသွားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်တတ်သည့် ဘာလင်ဒစ္စကိုကပွဲရုံကို ဗုံးခွဲမှုတွင် လစ်ဗျားနိုင်ငံပါဝင်ပတ်သက်မှုကြောင့်ဟုဆိုကာ အမေရိကန်က တုံ့ပြန်ဗုံးကြဲခြင်းဖြစ်သည်ဟု ဆိုသည်။

လော့ကာဘီး ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးရသူများ၏ မိသားစုများအား လျော်ကြေးဒေါ်လာ ၂ဒသမ ၇ဘီလီယံပေးလျော်သည်။ ဘာလင်ညကလပ် ဗုံးခွဲမှုတွင် သေဆုံးသူများအတွက် လျော်ကြေးဒေါ်လာ ၃၅သန်း ပေးလျော်သည်။

အမေရိကန်နိုင်ငံက ၂၀၀၆ခုနှစ် မေလတွင် လစ်ဗျားနိုင်ငံနှင့် သံတမန်ဆက်ဆံမှု ပြန်လည်ထူထောင်ကြောင်း ကြေညာသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်လကြာ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် လစ်ဗျားကတာဝန်ယူဆောင်ရွက်သည်။ အနောက်အုပ်စုနိုင်ငံများ၏ ဆယ်စုနှစ်များနှင့်ချီ၍ ဝိုင်းပယ်ခံရပြီးနောက် ယခုကဲ့သို့ လစ်ဗျားက ဆောင်ရွက်ခြင်းဖြစ်သည်။

## လည်ပတ်

အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များထုတ်လုပ်မှု ရပ်ဆိုင်းရန် သဘောတူပြီး လော့ကာဘီး ပြဿနာဖြေရှင်းပြီးနောက်တွင် ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီတို့အပါအဝင် နိုင်ငံခေါင်းဆောင်များ ဤနိုင်ငံ ထရီပိုလီမြို့တော်သို့ လာရောက်လည်ပတ်ကြပြီးနောက် လုံခြုံရေးကောင်စီဥက္ကဋ္ဌတာဝန်ကိုပင် ဤနိုင်ငံက ရရှိလာနိုင်သည်ကို တွေ့ရသည်။ အထီးကျန်ဖြစ်နေရာမှ လစ်ဗျားနိုင်ငံကို ကမ္ဘာ့အလယ်၌ ပုံမှန်အနေအထားပြန်ရောက်ရန် နောက်ကွယ်မှ လစ်ဗျားခေါင်းဆောင် ကဒါဖီ၏သား အယ်အစ္စလာမ်ကဒါဖီကြောင့်ဟူ၍ ပြောဆိုကြသည်။

၂၀၀၉ခုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံ၌ ဗိုလ်မှူးကြီးကဒါဖီ အာဏာသိမ်းခဲ့သည့် အနှစ်(၄၀)မြောက် အထိမ်းအမှတ်အခမ်းအနား ပြုလုပ်သည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ရုရှားက ဤနိုင်ငံသို့ ဒေါ်လာ၁ဒသမ၈ဘီလီယံဖိုး လက်နက်ရောင်းချရန် သဘောတူသည်။ ဂျက်တိုက်လေယာဉ်များ၊ တင့်ကားများနှင့် လေကြောင်းကာကွယ်ရေးစနစ်များ ပါဝင်ကြောင်း ယူဆရသည်ဟု ဆို၏။ **ကိုးကား-အင်တာနက်**

လစ်ဗျားနိုင်ငံသည် အာဖရိကတိုက်မြောက်ပိုင်း မြေထဲပင်လယ်ကမ်းခြေဒေသတွင် တည်ရှိသည်။ ရှည်လျားသည့် ဤနိုင်ငံ၏ သမိုင်းတွင် ဘီစီ-၇ ရာစုက လစ်ဗျားအနောက်ပိုင်း ထရီပိုလီတေးနီးယား၌ ဖိုနီးရှန်းတို့ အခြေချခဲ့ခြင်းမှ အစပြုသည်။

## ဘဝအမောပြေ

### အသံကျယ်ကျယ်ခေါ်ပေးပါ....

စတိတ်ရှိုးပွဲတစ်ပွဲတွင် စင်မြင့်ပေါ်၌ သီချင်းဆိုပြီး စင်ပေါ်မှဆင်းလာသူ အဆိုတော်တစ်ဦးအား အမှတ်တရ လက်မှတ်ရေးထိုးခိုင်းသူပရိသတ်များ ဝိုင်းဝိုင်းလည် လျက်ရှိရာ အမျိုးသားကြီးတစ်ဦးရောက်ရှိလာပြီး အဆိုတော်အား အောက်ပါအတိုင်း မေးလေသည်-

**အမျိုးသားကြီး**။ ။ သီချင်းဆိုတာ သိပ်ကောင်းတယ်။
**အဆိုတော်** ။ ။ လေ့ကျင့်ထားလို့ပါ။
**အမျိုးသားကြီး**။ ။ သံစဉ်တွေနဲ့ တီးလုံးတွေလည်း မြိုင်ဆိုင်နေတာပဲ။
**အဆိုတော်** ။ ။ ဝိုင်းဝန်းအားဖြည့်ပေးကြတာပေါ့။
**အမျိုးသားကြီး**။ ။ အသံလည်း အရမ်းကိုဟိန်းထွက်နေအောင် ဆိုနိုင်တယ်နော်။
**အဆိုတော်** ။ ။ ပါရမီပေါ့ဗျာ။
**အမျိုးသားကြီး**။ ။ အကူအညီတစ်ခုလောက် တောင်းချင်ပါတယ်။
**အဆိုတော်** ။ ။ ပြောပါ၊ အမှတ်တရလက်မှတ်ထိုးပေးရမလား။ သီချင်းခွေထုတ်ဖို့များလား။
**အမျိုးသားကြီး**။ ။ မဟုတ်ပါဘူး။ ကျွန်တော့်ဇနီး ပွဲခင်းထဲမှာ ရှာမတွေ့လို့ အသံကျယ်ကျယ်နဲ့ အော်ခေါ်ပေးဖို့ပါ။
**အဆိုတော်** ။ ။ ''ဗျာ''

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ ➢ စုစည်းသည်

စာမျက်နှာဖွဲ့စည်းမှု ➢ ကျင်သန်းဦး (မြန်မာ့အလင်း)



### ကမ္ဘာ့အကြီးဆုံး ဘူဘူဇီယာ တူရိယာ

တောင်အာဖရိကနိုင်ငံ ကိတ်ဗ်တောင်းမြို့၌ အာဖရိက ရိုးရာတူရိယာတစ်မျိုးဖြစ်သည့် ဘူဘူဇီယာ တူရိယာကြီးတစ်ခုကို တောင်အာဖရိက ဟွန်ဒိုင်းကုမ္ပဏီက ပြုလုပ်ခဲ့ရာ အရှည် ၁၁၄ ဒသမ ၈၂ ပေရှိပြီး တူရိယာထိပ်ဝအကျယ်မှာ အချင်း ၁၈ ဒသမ ၀၄ ပေရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဘူဘူဇီယာတူရိယာအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ) (အင်တာနက်)

### ကမ္ဘာ့အတိမ်းအစောင်းဆုံး အဆောက်အအုံ

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဗီဆာမြို့၌ အာဘူဒါဘီ အမျိုးသား ကုမ္ပဏီက တည်ဆောက်ထားသော ကက်ပီတယ်ဂိတ် အမည်ရှိ မိုးပျံအဆောက်အအုံသည် အထပ်ပေါင်း ၃၅ ထပ်ရှိပြီး အနောက်ဘက်သို့ ၁၈ ဒီဂရီ တိမ်းစောင်းလျက် တည်ဆောက်ထားရာ ကမ္ဘာပေါ်တွင် အထပ်အမြင့်ဆုံး တိမ်းစောင်းဆောက်လုပ်ထားသည့် အဆောက်အအုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်)





### ကမ္ဘာ့အကြီးဆုံး နာရီ

တရုတ်နိုင်ငံ ဂန်ကျိုးမြို့၌ ပြုလုပ်ထားသော နာရီကြီးတစ်လုံးမှာ နာရီ၏ မျက်နှာပြင်အကျယ် အချင်း ၃၉ပေရှိပြီး အချိန်ပြလက်တံအရှည်မှာ ၂၃ဒသမ ၄ပေရှိသည်။ (အပေါ်ပုံ)

ယင်းနာရီကြီးကို ဂန်ကျိုးမြို့ ဟာမိုနီ ဥယျာဉ်အတွင်း ပြုလုပ်ထားရာ ကမ္ဘာပေါ်တွင် အချိန်မှန်ဖော်ပြသည့် အကြီးဆုံးနာရီကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)



# ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားမှုများ

## မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၂၈

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၁၅ရက် နံနက် ၁၁နာရီခွဲက အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်း ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ၆၂လမ်းအား မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအရှေ့ဘက်မှ ၂၆လမ်းအထိ လမ်းပြုပြင်တိုးချဲ့ခင်းရန်အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။** (ဝဲပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်း ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ သန့်ရှင်းရေးဌာန ဌာနမှူးက ရှင်းလင်းတင်ပြသည်။

### မှာကြား

ထို့နောက်မြို့တော်ဝန်က ငွေတချောင်းမြောင်းသည် မန္တလေးမြို့ အရှေ့ခြမ်းတွင် မြောက်မှတောင်သို့ စီးဆင်းသော အဓိကမြောင်းကြီးတစ်ခုဖြစ်ကြောင်း၊ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်နေပါက မန္တလေးအရှေ့ခြမ်းရှိ လမ်းများ၊ ရပ်ကွက်များတွင် မိုးရွာပါက ရေတင်ရေဝပ်မှုနည်းသွားမည်ဖြစ်ကြောင်း၊ ရေမြောင်းဘေးရှိ နေအိမ်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဈေးဆိုင်များက ရေစီးရေလာကောင်းမွန်ရေးကို အဟန့်အတားဖြစ်စေမည့် ဆောင်ရွက်ထားရှိမှုများ၊ ရေမြောင်းပေါ်တွင်အဖီများ၊ အဆွယ်များ၊ ဈေးဆိုင်များကျူးကျော်သည်ကိုတွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးများ၊ သန့်ရှင်းရေးဌာန၊ အခွန်ဌာနတို့မှ ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး ဖယ်ရှားရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ၆၂လမ်းကို မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအရှေ့ဘက်မှ ၂၆လမ်းအထိ လမ်းပြုပြင်တိုးချဲ့ခင်းနိုင်ရန်အတွက် စက်ယန္တရားများဖြင့် မြေသားရှင်းလင်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(၁၁၃)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးသင်တန်း တာချီလိတ်တွင်ဖွင့်

တာချီလိတ် ဇွန် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး(အထူး)အဖွဲ့နှင့် ဝေါလ်ဗီးရှင်းမြန်မာ(တာချီလိတ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးသင်တန်း ဖွင့်ပွဲကို ဇွန် ၂၄ရက် နံနက် ၉ နာရီက မကာဟိုခမ်း ရပ်ကွက် ထိပ်တန်းခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။**(ယာပုံ)**ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွေးက နိုင်ငံတော်အစိုးရ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းကို ဝေါလ်ဗီးရှင်းမြန်မာ(တာချီလိတ်)မှအဖွဲ့ခေါင်းဆောင် ဦးညွန့်အောင်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်ယဉ်ယဉ်ထွေးတို့က ဇွန်၂၅ရက်အထိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်ပြီး သိကောင်းစရာများကို ပို့ချခဲ့သည်။

(ခရိုင် ပြန်/ဆက်)



# မျိုးဆက်ပွားကျန်းမာရေးပညာပေး ကျိုက်ထိုမြို့နယ်၌ ဖွင့်

ကျိုက်ထို ဇွန် ၂၄

ကျိုက်ထိုမြို့နယ်တွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ကုလသမဂ္ဂကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့တို့ ဦးစီးကျင်းပသော မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်းဖွင့်ပွဲကို မေ ၂၆ ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအတွင်းရေးမှူးဦးစောငွေက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအကြောင်းနှင့် အသင်းမှဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူးဦးအောင်မင်းက မွန်ပြည်နယ် MANA လက်ရှိ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၄၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မှုခင်းကျူးဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း

## လင်းခေးခရိုင်၌ ပညာပေးဟောပြော

လင်းခေး ဇွန် ၂၄

လင်းခေးခရိုင်ရဲတပ်ဖွဲ့ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ၂၇ရက် နံနက် ၈နာရီက မြို့နယ်ဝတီခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက အမှာစကား ပြောကြားသည်။ လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်ရှင်းလင်းပြောကြားသည်။ ထို့နောက် လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကို ပညာပေး ရှင်းလင်းဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

# မြို့နယ် သတင်း ထွေတလာ

သထုံမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု ထိန်ပင်ကျေးရွာ၌ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးသန်းဦး ဦးဆောင်၍ သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာနေ ပြည်သူများစုပေါင်း၍ တစ်အိမ်ထောင် သစ်မာပင် ၂၀နှင့် ကျွန်းသုံးပင်တို့ကို ဇွန် ၁၉ ရက်က ကျေးရွာအတွင်း စိုက်ပျိုးကြစဉ်။

(ခရိုင် ပြန်/ဆက်)

## မီးသုံးစွဲမှု စစ်ဆေး



ရွှေကူမြို့ စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဇွန် ၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အတွက်မီးသုံးစွဲမှု အခြေအနေကို မြို့နယ်အတွင်းရေးမှူးဦးဆန်းဦး၊ မြို့နယ် စည် ပင် သာ ယာ ရေး အမှုဆောင်အရာရှိဦးခင်အောင်နီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်မောင်တိုးနှင့် ဈေးမိ၊ ဈေးဖဥက္ကဋ္ဌဦးကျော်ဝင်းတို့သည် မြို့မဈေးကြီးအတွင်း မီးသုံးစွဲသော ဈေးဆိုင်များအား စနစ်တကျ မီးသုံးစွဲမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)



သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## မုဒုံရွှေဟသာ်ဈေးအတွင်းခြင်ဆေးဖျန်း

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင် ရွှေဟသာ်ဈေးအတွင်း ဇွန် ၁၁ရက်က ခြင်ဆေးဖျန်းဆောင်ရွက်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



# ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာန ရေထွက်ပစ္စည်းရောင်းဝယ် စုဆောင်းခွင့်လိုင်စင် လျှောက်ထားရန် ရှင်းလင်း

ဖျာပုံ ဇွန် ၂၄

*ငါးသယံဇာတထွက်ကုန် ကုန်ချိန်စာရင်းဇယားများမှန်ကန်စေရေးအတွက် ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်များ လျှောက်ထားနိုင်ရေးအတွက် ရှင်းလင်းပွဲကို မေ ၂၃ရက် နံနက် ၁၀နာရီက ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။*

*ရှင်းလင်းပွဲတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးအေးလွင်က ၂၀၁၀-၂၀၁၁ခုနှစ် လုပ်ငန်းရာသီအတွက် ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခြင်း လုပ်ငန်းလုပ်ကိုင်ကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အအေးခန်းစက်ရုံများအနေဖြင့် ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်များရယူပြီးမှသာ ရေထွက်ပစ္စည်းများ ဝယ်ယူစုဆောင်းကြရမည်ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်းများတင်ပို့ရာတွင် ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်အပေါ်စီစစ်၍ မျှောစာရယူပြီးမှသာ တင်ပို့ရမည်ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်းများ ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်များကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက စိစစ်ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ထောက်ခံချက်ဖြင့် ရေဝတီတိုင်းငါးလုပ်ငန်းဦးစီးဌာနသို့ လျှောက်ထားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။*

*(၁၃၈)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



သွင်းကုန်အစားထိုး မော်တော်ဆိုင်ကယ်များကို ပခုက္ကူစက်မှုဇုန်၌ပင် ခေတ်မီစက်ကိရိယာများဖြင့် ဤသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

# ပခုက္ကူစက်မှုဇုန်မှ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ တွင်ကျယ်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံ-သာညဏ်(သတင်းစဉ်) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇွန် ၂၉

ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦး၏ စီစဉ်ပေးမှုဖြင့် ယခုရက်ပိုင်းအတွင်း ပခုက္ကူစက်မှုဇုန်သို့ သွားရောက်လေ့လာခွင့်ရခဲ့ပါ၏။

ပခုက္ကူစက်မှုဇုန်ကို ပခုက္ကူမြို့ အရှေ့မြောက်ဘက် လေးမိုင်အကွာ ပခုက္ကူ- ရေစကြိုကားလမ်းဝဲယာတွင် တည်ဆောက်ထားသည်။ မြေဧရိယာ ဧက၃၅၀ရှိပြီး ပေ ၁၀၀ × ပေ ၁၀၀ရှိ စက်မှုမြေကွက်ပေါင်း ၈၉၆ ကွက်ရှိကာ ၁၉၉၈ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ဖွင့်လှစ်တည်ထောင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## မုန်လာဥတွင်ပါသော နိုက်ထရိတ်ဓာတ် သွေးတိုးခြင်းကို ကျဆင်းစေနိုင်ဟုဆို

ကောင်းမြတ်သူ - ရေးသားသည်



နယူးယောက် ဇွန် ၂၉

မုန်လာဥတွင် ပါဝင်သော နိုက်ထရိတ်ဓာတ်သည် သွေးတိုးခြင်းကို ကျဆင်းစေနိုင်ကြောင်း သုတေသီများက ပြောကြားသည်။

မုန်လာဥကို ဟင်းချက်၍ စားသုံးသည်ဖြစ်စေ၊ နိုက်ထရိတ်ဆေးပြားများ သောက်သုံးသည်ဖြစ်စေ သွေးတိုးကျစေနိုင်ကြောင်း အမေရိကန်နှလုံးနှင့် သွေးကြောဆိုင်ရာ ဆေးဂျာနယ်၌ ဖော်ပြသည်။

### မျှော်လင့်ထား

နိုက်ထရိတ်ဓာတ်သည် ဟင်းသီးဟင်းရွက်တို့တွင် အများဆုံး ပါဝင်တတ်သည်။ မုန်လာဥတွင် နိုက်ထရိတ်ဓာတ်များ ပါဝင်နေသဖြင့် နှလုံးနှင့်ဆိုင်သောရောဂါများ ကုသရာ၌ ပိုမိုထိရောက်စွာ ကုသနိုင်လိမ့်မည်ဟု သုတေသီများက မျှော်လင့်ထားသည်။

ကမ္ဘာပေါ်တွင် အရွယ်ရောက်သူ ၂၅ရာခိုင်နှုန်းမှာ နှလုံးနှင့်ဆိုင်သောရောဂါများ ဖြစ်ပွားလျက်ရှိသည်။ ၂၀၂၅ခုနှစ်အရောက်တွင် ထို့ထက်ပိုလာနိုင်သည်ဟုဆိုသည်။

အင်တာနက်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၉-၆-၂၀၁၀

| | | | | |
|---|---|---|---|---|
| ထားဝယ်မြို့ | ၃ | ဒသမ | ၁၁ | လက်မ |
| ဘီးလင်းမြို့ | ၂ | ဒသမ | ၇၆ | လက်မ |
| ကော့သောင်းမြို့ | ၂ | ဒသမ | ၃၆ | လက်မ |